


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တရားနာတာသည် ပညာမျက်လုံးလာယူတာ

(ပဋိစ္စသမုပ္ပါဒ်တရားတော်)

၁၀၉

( ၂၇၊၁၀၊၆၁ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# တရားနာတာသည်
# ပညာမျက်လုံးလာယူတာ

(ပဋိစ္စသမုပ္ပါဒ်တရားတော်)

(၂၇-၁၀-၆၁)

မနေ့ကမိုးဖျက်သွားတာနဲ့ ဒကာ ဒကာမတွေလာပြီး သား ပုဂ္ဂိုလ်တွေလည်း ကုသိုလ်တော့ရပါတယ်လို့မှတ်ရမယ် နော် . . . (တင်ပါ့ဘုရား)။

ကုသိုလ်တော့ဘယ်လိုရပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့ အနာထပိဏ်သူဌေးကြီးသည် ဘုရားသခင် ကိုယ်တော်မြတ်ကြီးပွင့်တယ်လို့ သတင်းကြားတယ် . . . (မှန်ပါ့)။

## ဘုရားပွင့်ပြီဆိုတဲ့သတင်းကြားတဲ့အခါ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးပွင့်တယ်လို့ သတင်းကြားတာနဲ့ သူစိတ်ထဲမှာတစ်ခါတည်း ဘုရားဆိုတဲ့အသံကြားတာနဲ့ ကြက်သီးမွေးညင်းထပြီး ရိုးတွင်းခြင်ဆီကစပြီး ကြက်သီးမွေးညင်းထ,တယ်။

ထတာနဲ့ပဲ ဟာ. . . ဘုရားဆီမနက်စောစောရောက်အောင်တော့ဖြင့် ကိုယ့်နေရာနဲ့ဝေးလှတယ်ဆိုပြီးသကာလ အစောကြီး သူ့သူငယ်ချင်းမိတ်ဆွေ တစ်မြို့တစ်ရွာမှာရှိတဲ့ သူဌေးအိမ်သွားအိပ်တယ်။

သူဌေးအိမ်မှာသွားအိပ်တဲ့အခါကျလို့ရှိရင်လည်းတဲ့ ဒီပုဂ္ဂိုလ်ကြီးက အင်မတန်ကြည်ညိုတဲ့သဒ္ဓါကပြင်းထန်ပြီး သကာလနေတယ်။

## သူ့ကိုယ်ကအလင်းရောင်ထွက်တယ်

အင်မတန် သဒ္ဓါကပြင်းထန်ပြီးသကာလနေတော့ သူ့စိတ်ထဲမှာအိပ်လို့ကမပျော်၊ ဘုရားနဲ့တွေ့ချင်တဲ့ပီတိသောမနဿတွေကများတော့ ဒကာကြွယ်ရေ . . . သူ့ကိုယ်က အရောင်အဆင်းအလင်းတွေထွက်လာတယ်။

သူ့ကိုယ်ကအရောင်၊ အဆင်း၊ အလင်းတွေထွက်ပြီးလာတော့ သူ့အလင်းနဲ့သူပဲမိတ်ဆွေ သူဌေးအိမ်မှာအိပ်နေတာ

လင်းပြီထင်ပါရဲ့လို့အောက်မေ့ရတယ်။

အင်းတကယ်လင်းတာပဲလား သူ့အဆင်းကလင်းနေတာလား. . . (သူ့အဆင်းကလင်းနေတာပါဘုရား) သူ့အဆင်းက လင်းနေတယ်ဆိုတာ ဒကာ ဒကာမတွေသိကြရမယ် (မှန်လှပါဘုရား)။

## သဒ္ဓါရောင်၊ ပညာရောင်တွေထွက်တယ်

အဲဒီမှာ သဒ္ဓါရောင်ပညာရောင်တွေ၊ တစ်ခါတည်းတဲ့ ပီတိသြဘာသတွေထွက်ပြီးသကာလ လာလိုက်တဲ့ဖြစ်ခြင်းသည် ကားလို့ဆိုလို့ရှိရင် ပြောစရာမရှိဘူး (မှန်လှပါ)။

ဒါနဲ့ပဲ သူ့အလင်းနဲ့သူ မိတ်ဆွေသူဌေးအိမ်မှပဲ သူဌေးနိုးပြီးသကာလ လင်းပြီဗျာ ကျုပ်ဘုရားဆီသွားတော့မယ်ဆိုပြီး သကာလ တံခါးဖွင့်ပြီး ထွက်လာလိုက်တော့ သူ့အလင်းနဲ့သူ လမ်းလျှောက်လို့ဖြစ်တယ် (မှန်လှပါဘုရား)။

တရားနာသွားတယ်ဆိုတဲ့လမ်းသွားသည်။ ဒကာ ဒကာမတို့ မည်မျှလောက်အဖိုးတန်တယ်ဆိုတာ ကြည်ညိုဖွဲ့သန်တဲ့အတွက် အင်မတန်အဖိုးတန်တယ်ဆိုတဲ့ဥစ္စာ စိတ်ထဲကသဒ္ဓါတွေကြောင့် ခန္ဓာကအရောင်အလင်းတွေ ထွက်လာတယ်ဆိုတာ မှတ်ထားရမယ်. . . (တင်ပါ့ဘုရား)။

## ဈေးကလှူသေရင်၊ ရွှာပြင်ထုတ်ထားတယ်

ဒီလိုနဲ့ပဲ ပြင်ထွက်ပြီးလာတော့ ဈေးအခါတုန်းကတော့ အသုဘဆိုတာ ညသေတယ်ဆိုလို့ရှိရင် ရွာပြင်ထုတ်ပြီး ပြင်ဘက်ဒီအတိုင်း အလောင်းကြီးအတိုင်း ခေါင်းတွေဘာတွေ မပါဘဲနဲ့ထားတယ်။

## အရောင်တွေကွယ်သွားတယ်

ဒါနဲ့သူကလဲသွားတော့အဲဒီတော်တော်လေး သွားမိတဲ့ အခါ အလောင်းသွားပြီးသကာလ၊ ခြေနဲ့တိုက်မိတယ်၊ တိုက်မိတဲ့အခါကျတော့ သူ့စိတ်ထဲသြော်- ကြောက်သလိုလို၊ လန့်သလိုလိုလေးဖြစ်တော့ ဒကာသစ်ရေ အရောင်အလင်းတွေ ကွယ်ပြီး သကာလသွားတယ်။

အင်းအစောကြီးရှိပါသေးသလား၊ ငါ့မိတ်ဆွေသူဌေးက ငါ့ဟာငါလည်း လင်းပြီထင်လို့လာခဲ့တာ၊ အခုတော့ဖြင့် မှောင်နေပြန်ပေါ့လားလို့ဆိုတော့ အဲဒီသုသာန်မှာ စောင့်တဲ့ နတ်တွေက

ဆင်အသိန်း၊ မြင်းအသိန်း၊ ရထားအသိန်း လှူတာထက် တရားနာသွားတာနဲ့ ဘုရားသွားတဲ့ ဘုရားကြည်ညိုသွားတဲ့ ခြေတစ်လှမ်း မမှီသေးပါဘူး (မှန်လှပါဘုရား)။

## အစောင့်နတ်တွေကပြောကြတယ်

ဆင်အသိန်း၊ မြင်းအသိန်း၊ ရထားအသိန်း၊ သတို့သမီးတွေ အသိန်းတွေလှူငြားသော်လည်း၊ လှူငြားသော်လည်းတဲ့ တရားနာသွားတဲ့၊ ခြေတစ်လှမ်းကိုမမှီပါဘူး (မှန်လှပါဘုရား)။

အဲတော့ မနေ့ကလာပြီးမှ ဘုန်းကြီးကလည်း မိုးတွေသည်းဖြစ်ပြီးနေတာနဲ့ မပောဖြစ်ဘူး (မှန်လှပါ)။ အဲဒီ ဒကာဒကာမတွေလာရကျိုးနပ်တယ်ဆိုတဲ့ ဉစ္စာလည်း ဒီဝတ္ထုသက်သေ သာဓေ ထောက်ထားပြီးသကာလ အကျိုးရှိခဲ့တယ်ဆိုတာကိုတော့မှတ်ထားရမယ် (မှန်လှပါဘုရား)။

အကျိုးရှိခဲ့တယ်ဆိုတာမှတ်ထားရမယ်. . . (တင်ပါ့ဘုရား)။

## ခြေတစ်လှမ်း၊ အသိန်း၊ အသန်းတန်တယ်

ဒါနဲ့ပဲလျှောက်ပြီး သကာလ သွားလိုက်တာ၊ ဩော်. . ငါ့နတ်ကတောင်မှ ဒကာကြီးသွားသာသွားပါ၊ ဆင်အသိန်း၊ မြင်းအသိန်း၊ ရထားအသိန်း၊ သတို့သမီးအသိန်း လှူတာထက် ဒကာကြီး ခင်ဗျားခြေလှမ်းတစ်လှမ်းက အဖိုးမဖြတ်နိုင်အောင်တန်ပါတယ်။

အဲဒါတွေထက်သာပါသေးတယ်လို့ပြောလိုက်တော့ သူ့စိတ်က၊ ဟာ. . . အင်မတန်နေရာကျတဲ့သွားခြင်းပါလား

ဆိုပြီး ထပ်ပြီးသကာလဝမ်းမြောက်တော့ သူ့အရောင်အလင်းတွေ ထွက်လာတယ်။

ထပ်ပြီးသကာလ၊ ဝမ်းမြောက်လိုက်ပြန်တော့ အရောင်အဆင်းတွေ ထွက်လာတယ် (မှန်ပါ့)။

အဲဒီအရောင်အဆင်းတွေ ထွက်လာပြီးသကာလ အရောင်အဆင်းနဲ့သွားတယ်၊ သွားပြီးသကာလ ဘုရားကလည်း ဟိုကနေပြီး သကာလသိတယ်၊ သူပင်ကိုနာမည်ရင်းက သုဒတ္တလို့ခေါ်သည်၊ အနာထပိဏ်သူဌေးမဟုတ်ဘူး။

## အနာထပိဏ်သူဌေးဆိုတာ

အနာထပိဏ်သူဌေးဆိုတာက သူများဆိုင်းဘုတ်ဆွဲလို့ဖြစ်တာ၊ သူများတွေ ကိုးကွယ်ရာ၊ ဆည်းကပ်ရာဖြစ်တဲ့ ဆင်းရဲသူဆင်းရဲသားတွေကို ပေးခြင်း၊ ကမ်းခြင်းတွေများလွန်းလို့ သူ့ကိုကိုးကွယ်ဆည်းကပ်ပြီးသကာလ စားသောက်နေထိုင်ပြီးသကာလ သူ့အမှီပြုပြီး ချမ်းသာခြင်း၊ အနာထပိဏ္ဍိကလို့ ခေါ်ထားတာနော် . . . (မှန်လှပါဘုရား)။

ကိုးစားရာအားထားရာမရှိတဲ့ပုဂ္ဂိုလ်တွေ၊ ကိုးစားရာအားထားရာဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးဆိုပြီး ဆိုင်းဘုတ်ဆွဲထားတာ (မှန်ပါ့ဘုရား)။

## သုဒတ္တလာပြီးလားဟေ့

ဒီတွင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူလာခါ ရှိသေးတယ်၊ သုဒတ္တလာပြီးလားဟေ့လို့မေးလိုက်တော့ ဩော်ငါ့နာမည်ရင်းကိုမသိဘူးအောက်မေ့နေတာ အင်မတန်သိပါလားဆိုပြီးတော့ ပိုဝမ်းမြောက်တယ်။

တစ်ခါမှ မတွေ့ဖူးပါဘူး၊ တစ်ခါမှလည်းမတွေ့ဖူးပဲနဲ့ သုဒတ္တလာပြီလားဟေ့လို့ပြောလိုက်တာနဲ့ ဝမ်းသာပြီး ဘုရား၏ ခြေသလုံးဖက်ပြီးတော့ တစ်ခါတည်း ဦးတိုက်ရှိခိုးပြီးသကာလ ကြည်ညိုသဒ္ဓါတွေနဲ့ ဒကာ ဒကာမတို့ အဲဒီအချိန်ကစ၍ ဘုရားတရားဟောလို့ သစ္စာတရားဟောလို့ သောတာပန်တည်ရှာတယ် . . . (မှန်လှပါဘုရား)။

## တရားနာလာတဲ့ကုသိုလ်

သဘောကျပလား (ကျပါပြီ)၊ ဒါပြောချင်လို့မဟုတ်ပါဘူးတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မနေ့ကပင်ပန်းပြီးတောင်ဆီ မန္တလေးကလာကြ၊ တခြားမြို့ကလာကြ၊ အဝေးကလာကြတာတွေဟာ မိုးလည်းရွာ၊ မိုးကလည်းတကယ့်အချိန်ရွာတာပဲ ဒကာကြွယ် (မှန်ပါ့ဘုရား)။

အဲဒီအချိန်မိုးကလည်း ရွာချိန်မိုးပဲ ဒကာသစ်၊ သဲသဲမဲမဲပဲ (ရွာပါတယ်ဘုရား) အဲဒါကြောင့် အချေအနေလေးပျက်သွား

တဲ့ ဥစ္စာကိုလည်း ဒကာ ဒကာမတွေက အခြေအနေမပျက်ဘူး၊ အခြေအနေသည် ပိုပြီးအဖိုးတန်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို အခု သေသေချာချာဟောသဖြင့် ခြေတစ်လှမ်းတွင် အမျိုးမျိုးမတတ်နိုင်အောင်ပဲ မဖြတ်နိုင်အောင်တန်တဲ့အဓိပ္ပါယ်ကိုကြည့်ပြီး ဝမ်းမြောက်နေရမယ် . . . (မှန်လှပါဘုရား)။

## ခန္ဓာကိုယ်ကြီးသည်တရား

ကဲ-ဒါဖြင့် ဒကာ ဒကာမတွေ တရားကိုစကြစို့ (မှန်လှပါ)။ တရားစကြဆိုတော့ တရားဘယ်ကနေစကြမလဲလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကျုပ်တို့သည်ကားလို့ဆိုရင် ခန္ဓာကိုယ်ကြီးသည်တရားပဲ၊ တရားစတော့မယ်ဆိုလို့ရှိရင် ဒကာသစ်၊ ခန္ဓာကစရမယ် (မှန်လှပါဘုရား) တရားဟောပါ အရှင်ဘုရားတို့လို့ ဒကာ ဒကာမတွေကတောင်းပန်လို့ရှိရင်ဖြင့် ဘုန်းကြီးကတော့ဖြင့် ခန္ဓာကိုယ်ကိုပဲကြည့်ပြီးဟောရမှာပဲ (မှန်လှပါဘုရား)။

ဩော် . . . ဘုန်းကြီးက တရားဟောတယ်၊ တရားဟောတယ်ဆိုတာ တခြားလားအောက်မေ့နေတယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း ဤသို့ပဲဟောတာပဲ (မှန်ပါ့)။

ဒို့ခန္ဓာကြည့်ပြီးဟောရတယ် (မှန်ပါ) ဒါဖြင့် တရားရှာ၊ ခန္ဓာတွေ့ပေါ့ဗျာ၊ တရားရှာခန္ဓာတွေ့ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးစားစွာမှတ်ထားရမယ် (မှန်လှပါ ဘုရား)၊ တရားရှာ . . . (ခန္ဓာတွေ့ပါဘုရား)။

## ခန္ဓာရှိလျက်တရားမသိကြ

အဲတော့ ခန္ဓာရှိလျက်သားနှင့်တရားမသိလို့ တရားရှာ တာက တစ်ခု၊ ခန္ဓာကတော့တရားဆိုတာကဖြင့် ဒကာ ဒကာမ တို့ ငြင်းစရာကို မလိုပါဘူး (မလိုပါဘုရား) သို့သော်လည်း တရားရှိပေမယ့်လည်း တရားမသိတော့ အခက်ကြီးပါလား။

ဒကာကြွယ် တရားရှိပေမယ့် တရားမသိတော့. . . (ခက်ပါတယ်ဘုရား) တရားရှိပေမယ့် တရားမသိတော့ ခက်တယ်ဆိုတဲ့အဓိပ္ပါယ်ဟာလည်း ခန္ဓာရှိလျက်နဲ့ ဒီခန္ဓာကြီးကို အထင်လွဲ၊ အမြင်မှားတွေက တိုးပွားနေတဲ့အတွက် ဒကာ ဒကာမတို့ တရားရှာကြပါ. . . (တင်ပါ့ဘုရား)။

စင်စစ်တရားကတော့ဖြင့် ဘုန်းကြီးယူဆောင်လာတဲ့ တရားလား၊ ဒကာ ဒကာမတွေ ယူဆောင်လာတဲ့တရားလားလို့ မေးလို့ရှိရင်ဖြင့် ဒကာသစ်ဘယ်နှယ့်ဖြေပါ့မလဲ. . . (ဒကာ ဒကာမတွေ ယူဆောင်လာတဲ့တရားပါဘုရား)။

ဒကာ ဒကာမတွေ ယူဆောင်လာတဲ့တရားပါ၊ ဒီတရားကို ဒကာ ဒကာမတွေက ကိုယ့်ဆေးနဲ့ ကိုယ့်ရောဂါနဲ့ ကိုယ်မှာရောဂါရှိငြားသော်လည်း ကိုယ်ပါလာတဲ့ဆေးကိုပဲ သောက်ရင်ပျောက်လိမ့်မယ်ဆိုတာ မသိတဲ့အခိပ္ပါယ်ကလည်း ရှိသေးတယ် (ရှိပါတယ်ဘုရား)။

## သူယူလာတဲ့ဆေးနဲ့သူတိုက်နေတာ

အဲဒီလိုရှိပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီကနေပြီးသကာလ ဒီခန္ဓာကြည့်ပြီးသကာလ ဒီတရားတွေကိုပဲ ဒီကနေပြီး ဆေးသမားသဖွယ်ဖြစ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သားသဖွယ်ဖြစ်တဲ့ပုဂ္ဂိုလ်များက ဒီဆေးဒီလို သောက်လိုက်ပါဆိုတဲ့ ဥစ္စာ သူယူလာတဲ့ဆေး၊ သူ့တိုက်ဖို့ပါပဲ (မှန်လှပါဘုရား)။

သူ့ဉာဏ်နဲ့ သူရှုရမှာ၊ သူ့ဉာဏ်နဲ့သူ့ခန္ဓာကို . . . (သူရှုရမှာဘုရား) သူ့ဉာဏ်နဲ့ သူ့ခန္ဓာရှုရမှာပဲဆိုတော့ဖြင့် ရှင်းလင်းနေပါပြီ (ရှင်းပါပြီဘုရား)။

ကိုင်းဒါဖြင့် သူ့ဉာဏ်နဲ့ သူ့ခန္ဓာကြည့်ရငြားသော်လည်း ဆေးပါပြီး ဆေးမှန်းမသိတာက ရှိသေးတာကိုး။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ အင်းဆရာသမား အကူအညီ ကလျာဏမိတ္တအကူအညီမပါရင် မပြီးနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ရှင်းသွားပြီ (မှန်ပါ့)။

## ဆရာအကူအညီရမှ သောတာပန်တည်မယ်

ကဲ-ဒါဖြင့် ကလျာဏမိတ္တဖြစ်တဲ့ဆရာသမား၏ ကူညီမှုကို ခင်ဗျားတို့ယူပါမှ သောတာပန်တည်နိုင်မယ်. . . (မှန်လှပါဘုရား) ဒီအကူအညီမယူဘူး၊ ကိုယ့်အိမ်နဲ့ကိုယ်သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်နေကြမယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့၏ နေ့လည်ကပြောခဲ့တဲ့ပဋိစ္စသမုပ္ပါဒ်၊ ခြောက်ခုဟာဖြင့် တစ်နေ့လုံးလည်လို့ပတ်လို့ပြီးမှာ မဟုတ်ပါဘူး (မပြီးပါဘုရား)။

ပြီးပါ့မလား. . . (မပြီးပါဘူး) အေးဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကားလို့ဆိုလို့ရှိရင် ဒီအရေးဟာ ကိုယ့်အရေးပဲ ကိုယ်မျက်စိတစ်သံသရာလုံး လည်နေတဲ့ဥစ္စာ၊ ဒီတစ်ခါမှ မပွင့်ခဲ့ရလို့ရှိရင် နောက်ပွင့်လမ်းမမြင်ဘူးဆိုတာ အဓိပ္ပါယ်မှတ်ပါ (တင်ပါ့ဘုရား)။

ကြိုးစားကြစမ်းပါဆိုတာ သတိပေးရတယ်နော်၊ ဘယ်နှယ်ကြောင့် သတိပေးပါလိမ့်မလဲ၊ ဆရာဘုန်းကြီးကလည်း ကြိုးစားပါ၊ ကြိုးစားပါလို့ တိုက်တွန်းရတာ၊ အကြိမ်များကို မရေ

မတွက်နိုင်ပါဘူးလို့ဆိုငြားသော်လည်း ခန္ဓာကိုယ်စိတ်မချလို့ သာ မှတ်ပါ . . . (မှန်လှပါဘုရား)။

## စိတ်မချရတဲ့ခန္ဓာကိုယ်

ဘယ်နှယ်ကြောင့် ကြိုးစားပါလို့ တိုက်တွန်းရသလဲ. . (ခန္ဓာကိုယ်စိတ်မချရလို့ပါဘုရား) ခန္ဓာကိုယ်စိတ်မချရတာ ကလည်း အထင်အရှား. . . (မှန်လှပါ)။

ဒကာကြွယ် ကိုယ့်ခန္ဓာကိုယ်စိတ်ချရရဲ့လား. . . (မချ ရပါဘုရား) ကိုယ့်ခန္ဓာကိုယ်က မိမိတဏှာလောဘက ခန္ဓာကြီး သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ခိုင်းလို့စေလို့ ခန္ဓာကိုခိုင်း၍ တဏှာ လောဘကံစီမံသွားတာပဲ (မှန်ပါ့)။

အင်း- ခန္ဓာ သွားစဉ်ကတော့ဖြင့် အိုရာကနာ၊ နာရာကသေတဲ့ဆီကို သူအမြဲတန်းလမ်းလျှောက်နေတဲ့ မရောက်အရောက်သွားနေတဲ့ ခန္ဓာဝန်ပဲဆိုတာတော့ အမှန်ပါ ပဲ (အမှန်ပါဘုရား)။

## အသေကမဦးခင် ဉာဏ်ကဦးကြပါစေ

ဒါကြောင့် ဒကာ ဒကာမတို့ကို သတိပေးရပါတယ်။ အသေကမဦးခင် ဉာဏ်ကဦးကြပါစေ (မှန်ပါ့ဘုရား) ဘာတုံး (အသေက မဦးခင် ဉာဏ်ကဦးကြပါစေပါဘုရား)။

အသေကမဦးခင်ဉာဏ်ကဦးကြပါစေ - တဏှာခိုင်းတဲ့ အထဲ ချော့မော့ပြီးသကာလ ပျော့ပြီးသကာလမနေပါနှင့် (မှန်လှပါဘုရား)။

တဏှာခိုင်းတဲ့အတိုင်းသာလိုက်နေမယ်ဆိုရင်ဖြင့် ခင်ဗျားတို့ စိုးရိမ်မှုရယ်၊ သောကရယ်၊ ဗျာပါဒရယ်၊ အပါယ်ငရဲရယ် ဒါပဲအမြတ်ထွက်မယ် (မှန်ပါ့) ဒီ့ပြင်ထွက်စရာရှိသေးလား (မရှိပါဘူး)။

တဏှာခိုင်းတဲ့အတိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက လိုက်နာနေကြမယ်ဆိုလို့ရှိရင် ခင်မှုကြောင့်၊ စိုးရိမ်မှုလိုက်လိမ့်မယ် (တင်ပါ့) စိုးရိမ်မှုလိုက်လို့ရှိရင် သောက၊ ဗျာပါဒဆိုတာ . . . (လိုက်မှာပါဘုရား)။

အဲဒါသိလို့ဖြစ်တာလား၊ မသိလို့ဖြစ်တာလား (မသိလို့ဖြစ်တာပါ) မသိလို့ဖြစ်တော့၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပြန်လှည့်တယ်၊ သင်္ခါရပစ္စယာ၊ ဝိညာဏံ (မှန်လှပါဘုရား) ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ. . . ဒုက္ခအစုကြီးရဖို့ပဲ (မှန်လှပါဘုရား)။

## ဉာဏ်ခိုင်းတာ အစီကထားပါ

အဲဒါကြောင့် ဒကာ ဒကာမတွေ တဏှာခိုင်းတာကို အရေးမထားဘဲနဲ့ တစ်ခါတလေမှ ပေါ်လာတဲ့ဆရာသမား၊

တစ်ခါတလေမှပေါ်လာတဲ့ ဉာဏ်၊ ဒီဉာဏ်ကိုသာလျှင် ကိုးစားရာ၊ အားထားရာအစစ်ဖြစ်ပြီးသကာလ၊ ဉာဏ်ခိုင်းတာကိုသာ ငါတို့သည် အဓိကထားတော့မယ်။

တကျာခိုင်းတာကိုဖြင့် ဒုက္ခခန္ဓာပင်လယ်ဝေတဲ့လမ်း၊ သံသရာမှာ မြုပ်လမ်းမျောလမ်းကို သူခိုင်းနေတယ်ဆိုတာ သိပြီးသားဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဉာဏ်အလုပ်ကို ပျင်းလည်းလုပ်ပါ (မှန်ပါ့ဘုရား) မပျင်းလည်းလုပ်ပါ (မှန်လှပါဘုရား)။

ပျင်းလည်းအမှန်ဖြစ်ရမယ်၊ မပျင်းလည်းအမှန်ဖြစ်ရမယ်။ အမှန်ဖြစ်ရမယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

အေး-ဒါကြောင့် ဒကာ ဒကာမတွေသည်ကားလို့ဆိုလို့ ရှိရင်ဖြင့် ခန္ဓာဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာဖြင့် ဒကာကြွယ်တို့ ဒကာသစ်တို့ အရေးအကြီးဆုံးအလုပ်ပါပဲ (မှန်လှပါဘုရား)။

## ခန္ဓာကိုဉာဏ်နဲ့ကြည့်

ခန္ဓာဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ အရေးအကြီးဆုံး (အလုပ်ပါဘုရား) ဦးလှဘူးအရေးကြီးတယ် . . . (အရေးကြီးပါတယ်ဘုရား)၊ အားလုံး ဒကာ ဒကာမတွေ၊ ဘယ်ဟာဘယ်ဟာအရေးကြီးပါလိမ့် (ခန္ဓာဉာဏ်နဲ့ကြည့်ဖို့ပါဘုရား)။

ခန္ဓာတဏှာနဲ့ဘုန်းကြီးတို့က မကြည့်စေချင်ဘူး၊ ခန္ဓာတဏှာနဲ့ ကြည့်လို့ရှိရင်ဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏဆိုပြီးသွားလိမ့်မယ် (မှန်ပါ)။

ခန္ဓာဉာဏ်နဲ့ကြည့်လိုက်ပြီဆိုမှဖြင့်တဲ့ အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်ပါတယ် (မှန်လှပါ) မချုပ်ဘူးလား (ချုပ်ပါတယ်) ခန္ဓာဉာဏ်နဲ့ကြည့်လိုက်တော့ ခန္ဓာ၏ အနိစ္စအချက်တွေမြင်လိုက်တဲ့အခါကျတော့ ဒကာကြွယ် အဝိဇ္ဇာက ဘာဖြစ်သွားသလဲ (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)။

ဝိဇ္ဇာဖြစ်သွားတော့ ဝိဇ္ဇာဖြစ်ကတည်းက သင်္ခါရလာနိုင်သေးရဲ့လား၊ (မလာနိုင်ပါဘုရား) သင်္ခါရမလာနိုင်တော့ အင်း အဝိဇ္ဇာချုပ်လို့ သင်္ခါရချုပ်တယ်၊ သင်္ခါရချုပ်လို့ ဝိညာဏ်သည် (ချုပ်ပါတယ်)။

ဒါတွေဟာ ချုပ်တဲ့အတွက် ဒုက္ခက္ခန္ဓဿနိရောဓော ဟောတိ (မှန်ပါ) ဒုက္ခအစုကြီးလည်းချုပ်သွားတယ်ဆိုတာကဖြင့် ရှင်းလင်းနေပါပြီ (ရှင်းပါတယ်ဘုရား)။

## ခန္ဓာဉာဏ်ရောက်သည် အရေးအကြီးဆုံး

အေး-ဒါဖြင့် ဆရာသမားပေးတဲ့အတိုင်း ဘုရားဟောတော်မူတဲ့အတိုင်း ခန္ဓာဉာဏ်ရောက်သည် အရေးအကြီးဆုံးဖြစ်တယ် (မှန်လှပါဘုရား) ဘာဆုံးဖြတ်ချက်ချရမလဲ (ခန္ဓာ

ဉာဏ်ရောက်သည် အရေးအကြီးဆုံးဖြစ်ကြောင်းပါဘုရား)။

ခန္ဓာဉာဏ်ရောက်ဟာ အရေးအကြီးဆုံးအချက်ပဲ ဆိုတာမှတ်ထားကြပါ။ ဒီခန္ဓာဉာဏ်ရောက်ဆိုတဲ့စကားဟာ လည်း ဒကာကြွယ်ရ သေးသေးသိမ်သိမ်မမှတ်ပါနဲ့ (မှန်ပါ့ဘုရား)။

ခန္ဓာဉာဏ်ရောက်ဖို့ အရေးဟာ၊ တော်တော့ ဆရာ သမားနဲ့ဆိုရင်ဖြင့် ဘယ်နှယ်မှမပြနိုင်ပါဘူး (မပြနိုင်ပါဘုရား) မပြနိုင်ဘူး၊ အထည်ကြီးလောက်နေတာပဲ (မှန်ပါဘုရား)။

ခန္ဓာအစစ်ကို ခန္ဓာ၏ပင်ကိုသဘောကို မရောက်ပါ ဘူး (မရောက်ပါဘုရား) ခန္ဓာ၏ပင်ကိုသဘောကို မရောက်ပါ ဘူး၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ဉာဏ်မျက်လုံး တပ်ပေးတဲ့ သုတဝါအရိယာသာဝကောဆိုတဲ့အတိုင်း ဩော်- အရိယာတို့၏ တပည့်သားအဖြစ်နဲ့နားထောင်နေမှသာလျှင် မျက်လုံးမှန်လည်းရသကိုး. . . (မှန်လှပါဘုရား)။

## တရားနာတာသည် ပညာမျက်လုံးလာယူတာ ,

နို့မို့လို့ရှိရင် မျက်လုံးမှန်ရဖို့ရန် (မလွယ်ပါဘုရား)။ သဘောပါပလား (ပါ-ပါပြီဘုရား) ဩော်-ဒါကြောင့် တရားနာ မှုသည် ဘာပါလိမ့်မတုံးမေးတဲ့အခါ ပညာမျက်လုံးတပ်ပေးတာ ပဲ (မှန်ပါဘုရား)။

ဒကာ ဒကာမတွေက ပညာမျက်လုံးလာယူတာပဲ (မှန်ပါဘုရား) ဒီပညာမျက်လုံးနဲ့ဘာကြည့်ရမှာလည်း (ခန္ဓာကြည့်ရမှာပါ) အဲ. . . ခန္ဓာကြည့်လိုက်တော့ ခန္ဓာ၏ပင်ကိုသဘောကို ခန္ဓာကပြောပါလိမ့်မယ် (မှန်ပါ)။

ခန္ဓာ၏ပင်ကိုသဘောကို . . . (ခန္ဓာကပြောပါလိမ့်မယ်) အေး-ခန္ဓာ၏ပင်ကိုသဘော ခန္ဓာကပြောလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လူပြော၊ သူပြောနဲ့ မိမိတို့အထိမ်းအမှတ်မှာဖြင့် မယူတော့ပါဘူး (မယူတော့ပါဘုရား)။

ခန္ဓာပြောကို အမိကထားယူပါတော့မယ်ဆိုတဲ့ အမိပ္ပါယ်ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား) သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာဉာဏ်ရောက် အလုပ်ဟာဖြင့် အရေးအကြီးဆုံးပဲ (ကြီးပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွားတယ်၊ ရှင်သာရိပုတ္တရာတို့၊ လက်ဝဲရံ ရှင်မောဂ္ဂလာန်တို့ဖြစ်ပြီးသွားတာသည် အင်း-ဘယ်လိုများဖြစ်သွားကြပါလိမ့်၊ ဘယ်လိုများ အာသဝေါကုန်ကြပါလိမ့်မတုံးမေးတဲ့ အခါကျတော့မှ ဒကာ ဒကာမတို့ ခန္ဓာအမှန်သိလို့ အာသဝေါကုန်တာ (မှန်လှပါဘုရား)။

## ခန္ဓာအမှန်သိလို့ အာသဝေါကုန်တယ်

ဘယ်လိုကြောင့်ကုန်ပါလိမ့် . . . (ခန္ဓာအမှန်သိလို့ပါဘုရား) ခန္ဓာအမှန်သိလို့အာသဝေါကုန်သွားတယ်ဆိုတဲ့ဉစ္စာတော့ ရှင်းပါပြီ (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာအမှန်သိမှ အာသဝေါကုန်တယ်၊ ခန္ဓာအမှန်သိဖို့ဟာလည်း ကလျာဏမိတ္တဆီယူမှရတယ် (မှန်ပါ)။

ခန္ဓာအမှန်သိမှလည်း (အာသဝေါကုန်ပါတယ်) အာသဝေါကုန်တယ်၊ ခန္ဓာအမှန်သိမှ . . . (အာသဝေါကုန်ပါတယ်) ခန္ဓာအမှန်သိမှ အာသဝေါကုန်တယ်နော်၊ ခန္ဓာအမှန်သိချင်ရင်လည်း ကလျာဏမိတ္တဆည်းကပ်ပါဦး (မှန်လှပါဘုရား)။

ခန္ဓာအမှန်သိချင်လည်း (ကလျာဏမိတ္တ ဆည်းကပ်ရပါမယ်ဘုရား) ခန္ဓာအမှန်သိချင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ကလျာဏမိတ္တအရေးကြီးပါတယ်။

## ကလျာဏမိတ္တ၏ ဂုဏ်ကျေးဇူးတော်

ဒါကြောင့် ရှင်အာနန္ဒာကို ဘုရားကမေးတယ်၊ ရှင်အာနန္ဒာ၊ ညီတော်အာနန္ဒာ၊ မင်းသည်ကား ကလျာဏမိတ္တများဟာဖြင့် လူတစ်ဦးတစ်ယောက်အပေါ်၌ ဘယ်လောက်များများ ကျေးဇူးများသတုံးကွာလို့ ဘုရားကမေးလိုက်တယ်။

သူကတော့ သောတာပန်ကိုး တဝက်ဟာဖြင့် ဘုရား သူ့အကူအညီပါပဲ အဲဒီလိုဖြေလိုက်တယ်။

ဩော်. . . မင်းသည်ကားလို့ဆိုလို့ရှိရင် သာဝကဖြစ် တဲ့ ငါ၏တပည့်သာဖြစ်တဲ့ သာဝကအညံ့ဆုံးဉာဏ်နဲ့ ကြည့် လိုက်တော့ မင်းတဝက်လို့ပြောတာပေါ့ကွာတဲ့ မဟုတ်ပါဘူးကွ တဲ့၊ အလုံးစုံအကုန်သူ့တာဝန်ချည်းပါပဲ (မှန်ပါ့ဘုရား) သဘော ပါပလား (ပါ-ပါပြီဘုရား)။

ဒီတရားတစ်ပွဲလုံး အမျိုးမျိုး အဖုံဖုံ ဘုန်းကြီး တစ်ပါး တည်းပဲ အကုန်သယ်နေရတာပဲ (မှန်လှပါဘုရား) ဒကာ ဒကာမတွေအပါယ်လေးပါး ပိတ်ဖို့၊ အင်းမဂ်ဉာဏ်ဖိုလ်ဉာဏ်ရ ဖို့ နိဗ္ဗာန်မြင်ဖို့ ဘယ်သူမှမပါဘူး (မပါ-ပါဘုရား)။

ဒီတစ်ယောက်တည်းကနေပြီးသကာလ ဒီ ကလျာဏ မိတ္တ၊ ကလျာဏကောင်းတယ် မိတ္တက = အဆွေခင်ပွန်း၊ ဆရာ သမား၊ သူ တစ်ယောက်တည်း အပေါ်မှာ ဒကာကြွယ် အကုန် မှီနေရတယ် (မှီရပါတယ်ဘုရား) သဘောပါပလား(ပါ-ပါပြီဘုရား)။

## ဆရာသမားကောင်းပေါင်းရမယ်

ဒါကြောင့် ခန္ဓာဉာဏ်နဲ့ကြည့်ချင်လို့ရှိရင် ကလျာဏ မိတ္တပေါင်းရမယ်၊ ကလျာဏမိတ္တပေါင်းမှ ကလျာဏ မိတ္တက ယောနိသောမနသိကာရဆိုတဲ့မျက်လုံးတပ်ပေးမယ် (မှန်လှပါ ဘုရား)။

ယောနိသောမနသိကာရဆိုတဲ့မျက်လုံးလေး တပ်ပေးတဲ့အခါကျတော့ ခင်ဗျားတို့က အဲဒီယောနိသောမနသိကာရဆိုတဲ့ ဉာဏ်မျက်လုံးကလေးနဲ့မှ ခန္ဓာကြည့်ရတယ်၊ ခန္ဓာကြည့်တော့မှ ခန္ဓာက တစ်နေ့ကပြောတဲ့ပါဠိတော်အတိုင်းပေါ့ဗျာ၊ ခန္ဓာကဘာတဲ့ဆိုလို့ရှိရင်ဖြင့် ခန္ဓာက 'ဧဟိပဿိကော' ငါ့ကိုကြည့်ပါ၊ ငါ့ကိုကြည့်ပါ၊ ခန္ဓာကပြောနေတယ် (မှန်ပါ့)။

အဲဒီကျတော့မှ ခန္ဓာကခေါ်တာနဲ့ ခန္ဓာကပြောတာသိတယ်၊ ဒီအချိန်မှ ဆရာကပေးထားတဲ့ကလျာဏမိတ္တမျက်လုံးကလေးနဲ့ ဒကာ ဒကာမတွေက၊ ဩော်. . သန္ဒိဋ္ဌိကောကိုယ်တိုင်မြင်အောင်ကြည့်လိုက်ရတယ် (မှန်လှပါဘုရား)။ သဘောကျပလား (ကျပါပြီ)။

## ဆရာပေးတဲ့မျက်လုံးနဲ့ကိုယ်တိုင်မြင်အောင်ကြည့်

အင်းဒါဖြင့် ဆရာပေးထားတဲ့မျက်လုံးနဲ့၊ ခန္ဓာကို၊ ခန္ဓာကခေါ်တာကို ကိုယ်တိုင်ကြည့်လိုက်ပြီဆိုမှဖြင့် ခန္ဓာက၊ ကျုပ်ဟာ ဒုက္ခသစ္စာပါပဲဆိုတဲ့အကြောင်းကို ခန္ဓာကပြောနေတယ် သဘောကျပလား. . . ကျပါပြီ။

ဘယ်သူကများ ပြောနေလည်း . . . (ခန္ဓာကပြောပါတယ်) ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ) ဩော်. . . ခန္ဓာကပြောတဲ့အခါကျတော့ ဒကာ ဒကာမတို့ လူပြော သူပြော လမ်းဆုံးသွားပြီ (ဆုံးပါပြီဘုရား)။

ခန္ဓာကပြောတော့ လူပြောသူပြော လမ်းဆုံးသွားတယ် (မှန်ပါ့ဘုရား) ခန္ဓာကပြောတဲ့အခါ . . . (လူပြောသူပြော လမ်းဆုံးသွားပါတယ်)။

ခန္ဓာပြောလို့ နားမထောင်ရသေးတဲ့ပုဂ္ဂိုလ်များမှာဖြင့် ဟိုဆရာကကောင်းနိုးနိုး၊ အင်း-ဒီဆရာကကောင်းနိုးနိုး ပြောင်းသွားတယ်၊ ဒကာကြွယ်ရေ . . . (မှန်လှပါဘုရား)။

## ခန္ဓာကပြောတာမိအောင်ကြည့်

ခန္ဓာက ပြောတာကို သေသေချာချာမိတဲ့၊ ပုဂ္ဂိုလ်ကျတော့ အင်း. . . ဘယ်သူပြောပြော၊ ခန္ဓာဆီသာလက်ညှိုးညွှန်ကြမှာပဲ၊ ခန္ဓာကပြောတာအမှန်ဆုံးပဲ (မှန်ပါ) ဒီဆုံးဖြတ်ချက် မကျပေဘူးလား (ကျပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ခန္ဓာဉာဏ်ရောက်ဖို့အရေးဟာလည်း နှလုံးသွင်းမှန်မှ ရောက်နိုင်ပါတယ်၊ သဘောပါပလား (ပါ-ပါပြီ)။

နှလုံးသွင်းမှန်အောင်လည်း ကလျာဏမိတ္တက မျက်လုံးတပ်ပေးဦးမှ (မှန်လှပါ) ကိုယ့်မိဘရိုးရာမျက်လုံးနဲ့ဖြင့် အမေပဲသိမှာပဲ၊ အဖေပဲသိမှာပဲ၊ ညီအကိုမောင်နှမပဲသိမှာပဲ (မှန်လှပါဘုရား)။

ရောင်းရတယ်၊ ဝယ်ရတယ်လို့သာသိမှာပဲ တဏှာအလုပ်သာသိတယ်၊ ဉာဏ်အလုပ်မသိပါဘူး (မသိပါဘုရား) ဆုံးဖြတ်ချက်ချပါတော့၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

## ဘုရားဟောတော်မူတာဘာကြောင့်

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့တရားဟာ သွက္ခာတော၊ ဘဂဝတာဓမ္မော၊ ဘဂဝတာ - မြတ်စွာဘုရား၏ သွက္ခာတော-မင်းတို့အတွက် ကောင်းအောင်ဟောနေတာသည် ဘုရားဟောတော်မူတာဘာတဲ့? ဒီ ဒကာ ဒကာမတွေအတွက် ကောင်းအောင်ဟောနေတယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

ဩော်-ဒါဖြင့် ဘုရားဟောတော်မူတဲ့ သစ္စာတရားသည် ဒကာ ဒကာမတွေကောင်းအောင်ဟောနေတော့ ဘယ်လိုကောင်းအောင်တုံးလို့ မေးဖို့အချက်ပေါ်လာတယ် (မှန်လှပါဘုရား)။

## ဒုက္ခပြတ်အောင်ဟောနေတာ

ဘယ်လိုကောင်းအောင်တုံးဆိုတော့ ခုနက ကလျာဏမိတ္တချည်းပဲ၊ ဘုရားက ကောင်းအောင်ပြောနေတဲ့အခါကျတော့ ခင်ဗျားတို့မှာ ဒုက္ခအစုဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ခန္ဓာကျ အောင်ပြတ်တယ်။

ဒုက္ခအစုကြီးဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဘာဖြစ်သွားသလဲ (ပြတ်သွားပါတယ်ဘုရား) ကောင်းအောင်ဟောထားတဲ့ တရားမို့ ပြတ်တာကိုး၊ ကောင်းအောင်ဟောထားတဲ့တရားကိုမှ ဒကာ ဒကာမတွေက မလိုက်နာ၊ မကျင့်ကြံကြဘူးဆိုလို့ရှိရင် ဖြင့် ကိုယ့်ခန္ဓာကို၊ ဒီဒုက္ခပြီး၊ ဟိုဒုက္ခဟာ ငါပစ္စည်းပဲလို့သာ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။

သိပ်ကြောက်စရာကောင်းပါလား. . . (ကောင်းပါတယ်ဘုရား) ဒကာ ဒကာမတို့ ဒီအရေးကို သေးသေးကွေးကွေး မထင်ပါနဲ့ (မထင်ပါဘူးဘုရား)။

## ပန်းတစ်ပွင့်နဲ့သူဌေးဖြစ်တယ် သို့သော်

ဒီဘဝကို ကုဋေပေါင်းများစွာ ချမ်းသာဖို့ ပန်းတစ်ပွင့်နဲ့ ဆုတောင်းယူရင်ရပါတယ် (ရပါတယ်ဘုရား)၊ ဒီဟာက ရတောင်မရဘူး (မရပါဘုရား)။

ဒါကြောင့် ကလျာဏမိတ္တကတပ်ပေးလို့ ယောနိသောမနသိကာရ မျက်လုံးမရသရွေ့ ဒကာသစ်၊ ဘယ်တော့မှ ဒုက္ခဇာတ်မသိမ်းဘူး (မသိမ်းပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ကလျာဏမိတ္တကယောနိသောမနသိကာရ မျက်လုံးတပ်မပေးရင် (ဘယ်တော့မှ ဒုက္ခဇာတ်မသိမ်းပါဘုရား)

ဘယ်တော့မှ ဒုက္ခဇာတ်မသိမ်းဘူးဆိုတာ သေသေချာချာမှတ်ပါ၊ ရှင်းပလား (ရှင်းပါပြီ)။

## နေ့တိုင်းတရားဟောတာဘာပါလိမ့်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့တိုင်းတရားဟောတာ ဘာပါလိမ့်မလဲလို့ အကဲခတ်ကြည့်တော့မှ ဩော်-ဒို့မျက်လုံးမကြည်၊ ကြည်အောင် တပ်ပေးနေတာပါလား (မှန်လှပါဘုရား)။

မကောင်းသေးပြင်တပ်လိုက်၊ နည်းနည်းမြင်သေးရင် များများမြင်အောင် ပြင်တပ်လိုက် (မှန်လှပါဘုရား)။

ဒီလိုနေ့တိုင်း တိုးတိုးပြီးသကာလပေးနေရတာဟာ ဒီမှာ ဒကာကြွယ်၊ သေသေချာချာကလျာဏမိတ္တ၏ ဂုဏ်ထူးဝိသေသထူးတွေပေါ်လာတယ် - (ပေါ်လာပါတယ်ဘုရား)၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ဒကာ ဒကာမတို့ နို့မို့လို့ရှိရင် ခင်ဗျားတို့လုပ်နေတဲ့ အလုပ်ဟာ ဘာအလုပ်များလုပ်နေသတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် တစ်နေ့တုန်းက သီတင်းနေ့က ဟောခဲ့တဲ့၊ ဦးမာဒင် ဝေသွားတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကြီးရှိပါတယ် (ရှိပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကြီးကို ဒကာ ဒကာမတွေကြည့်လိုက်တဲ့

အခါကျတော့ အဝိဇ္ဇာ၊ တဏှာက၊ ဒကာ ဒကာမတွေသိတဲ့ အတိုင်း ပဒေါင်းကြီးလို့ တစ်နေ့က ဟောခဲ့တယ် (ဟောခဲ့ပါ တယ်ဘုရား)။

## အဝိဇ္ဇာကမသိမှု၊ တဏှာကလိုချင်မှု

အဝိဇ္ဇာတဏှာက (ပဒေါင်းကြီးပါဘုရား) ပဒေါင်းကြီး လို့ ဟောခဲ့တယ်၊ ဩော်-အဝိဇ္ဇာက မသိမှု၊ တဏှာက- လိုချင် မှု၊ (မှန်လှပါဘုရား) ဒီနှစ်ခုဟာ ဘာတဲ့ . . . (ပဒေါင်းကြီးပါ ဘုရား)၊ ဩော် သံသရာစက်ရထားကြီး၏ ပဒေါင်းပဲ (မှန်လှ ပါဘုရား)။

ဘယ်လိုပါလိမ့် (သံသရာစက်ရထားကြီး၏ ပဒေါင်းပါ ဘုရား) သံသရာစက်ရထားကြီး၏ ပဒေါင်းကြီးပဲဆိုတဲ့ဥစ္စာ လည်း ခင်ဗျားတို့ ဉပုသ်နေ့ကလည်း နာရတယ် (နာပြီးပါပြီ ဘုရား)။

ဒီပဒေါင်းကြီးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ပဒေါင်းဟာ ခင်ဗျားတို့က သေးသေးကွေးကွေးလို့မမှတ်ပါနဲ့၊ ငါ့သား ငါ့သမီး ဆိုတာ မသိလို့ပြောတာ၊ တစ်ခါတည်း ပဒေါင်းစလည်တယ် (မှန်ပါ)။

ဒကာကြွယ်၊ ငါ့သား ငါ့သမီး ငါ့မြေးဆိုတာ သစ္စာတွေ မြင်သေးရဲ့လား (မမြင်ပါဘုရား) အဲဒါတွေစဉ်းစားကြည့်ပါ၊

ဒကာကြွယ်တို့ သစ္စာမမြင်ကတည်းက အဝိဇ္ဇာပဲ (မှန်လှပါဘုရား) ဒါဖြင့် ပဒေါင်းစလည်တာ။

## မိုးလင်းရင်ဒို့ဘာလုပ်နေကြသလဲ

အင်း- မိုးလင်းလို့ရှိရင် ဒကာ ဒကာမတို့ ဒို့ဘာအလုပ်လုပ်ပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ တပည့်တော်တို့စ၊ စခြင်းဘုရား၊ သားလေးနေကောင်းရဲ့လား၊ သမီးကလေးနေကောင်းရဲ့လား၊ အင်း. . . တစ်အိမ်လုံး ကျန်းမာကြရဲ့လား၊ ဘယ်သူက၊ ဘယ်သွားဖို့အရေးဟာ၊ ဘယ်ကိစ္စရှိသေးတယ်ဆိုတာလည်း စီစဉ်ရတော့ ပုဂ္ဂိုလ်သတ္တဝါတွေပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား)။

မပေါ်လာကြဘူးလား. . . (ပေါ်လာပါတယ်) အင်း. . . ပေါ်လာလို့ရှိရင်၊ ဒကာ ဒကာမတွေက စဉ်းစားပါတော့၊ မရှိတဲ့ အရှိက ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား) မသိလို့ပြောတဲ့အလုပ်တွေပေါ်လာတယ်၊ ပေါ်လာတော့ မသိတာဘာတုံး . . . (အဝိဇ္ဇာပါဘုရား)။

ဩော်- မိုးလင်းရင် ပဒေါင်းကြီးတပ်တယ်၊ သဘောကျပလား (ကျပါပြီ)၊ မိုးလင်းရင်ဘာတဲ့ . . . (ပဒေါင်းကြီးတပ်ပေးပါတယ်ဘုရား)။

ဒကာကြွယ်. . . မိုးလင်းမှာတောင် ဘုန်းကြီးဖြင့်

ဒကာ ဒကာမတွေအတွက် စိုးရိမ်တယ် (မှန်ပါ) မိုးလင်းလို့ရှိရင် သားဘယ်သွားဟဲ့၊ သမီးဘယ်သွားဟဲ့၊ ငါဘာလုပ်မဟဲ့၊ ဆိုတဲ့ဥစ္စာတွေ တစ်ခါတည်း ရုပ်နာမ်၊ ဒုက္ခသစ္စာတွေအကုန်ပျောက်ပြီးသကာလ ဒါပျောက်ကတည်းကမသိလို့ပျောက်တယ် (မှန်လှပါဘုရား)။

## သံသရာလည်ဖို့ ပဒေါင်းတည်နေတယ်

ရှိလျက်သားနဲ့ (မသိလို့ပျောက်ပါတယ်) ရှိလျက်သားနဲ့ မသိတာနဲ့ (ပျောက်ပါတယ်) ပျောက်သွားတယ်၊ မိုးလင်း ဒကာ ဒကာမတွေ ဘာလုပ်ပါလိမ့်မတုံးဆိုတော့ သံသရာလည်ဖို့ ပဒေါင်းတည်တယ်ဘုရား. . . (မှန်ပါ)။

ဉာဏ်နှင့်နားထောင်ကြည့်ပါ၊ အင်း. . . မိုးလင်း ဘာလုပ်ကြမလဲ (သံသရာလည်ဖို့ပဒေါင်းတည်ပါတယ်ဘုရား) သံသရာလည်ဖို့ ပဒေါင်းတည်တယ်၊ ဒကာသစ်ဉာဏ်နဲ့ သေသေချာချာကြည့်မှနော် . . . (မှန်လှပါဘုရား)။

ဉာဏ်နဲ့သေသေချာချာကြည့်မှ ဒကာကြွယ်အတော်ဆိုးနေတယ်. . . (ဆိုးပါတယ်ဘုရား)။

သားရယ်၊ သမီးရယ်၊ ဆွေရယ်၊ မျိုးရယ်၊ ကိစ္စရယ်၊ ပစ္စည်းတွေရယ်၊ ပေါ်လာကတည်းက ဒုက္ခသစ္စာဆိုတဲ့ဉာဏ်က ရောက်ကို မရောက်တော့ဘူး (မရောက်ပါဘုရား) ဖြစ်ပျက်

ကလည်း မပေါ်လာဘူး (မပေါ်ပါဘုရား) မပေါ်လာတော့ ပုဂ္ဂိုလ်သတ္တဝါတွေ ပေါ်လာတယ်။

ဒါဘာပါလိမ့်မတုံးလို့ အကဲခတ်ကြည့်လိုက်တော့ ပဒေါင်းတည်တာ (ပန်းတောင်းတည်တာပါဘုရား) ဒါလေး ပေါ်လာပြီးသကာလ အင်း. . . သူတို့နေကောင်းလို့၊ ဝမ်းပဲ သားရသေးတယ်ဆိုတော့ သွားဖော်၊ လာဖော်ရလို့တော်တော် ရသေးတယ်။

ဒါလေးက တော်တော်သေးရဲ့ဆိုတာ ဘာတုံးလို့မေးတဲ့ အခါကျတော့ ဒကာ ဒကာမတို့ ခင်လို့ပေါ့ (မှန်လှပါဘုရား) ဘယ်လိုဆိုကြတယ်. . . (ခင်လို့ပေါ့ပါဘုရား)။

ဒါဖြင့် ရောက်ရာ ရထားတဲ့၊ သားသမီးတွေနဲ့ ရောက်ရာရထားတဲ့ ခန္ဓာကြီးကို ခင်တာက တဏှာ၊ ကိုယ့်ခန္ဓာကြီးကို ငါဘာလုပ်ရမလဲဆိုတဲ့ဥစ္စာမျိုးကို ခန္ဓာကြီးကို တကယ်ငါထင် သူထင် ယောကျ်ားထင် မိန်းမထင်ပြီးသကာလနေတာက အဝိဇ္ဇာ။

ကိုယ့်ခန္ဓာကိုယ်ခင်၊ သားသမီးတွေခင်တာက တဏှာ (မှန်လှပါ) မိုးလင်းလာတဲ့တစ်ပြိုင်နက်တည်း ဒကာကွယ် ပဒေါင်းတည်ပြီ၊ ရှင်းကြပလား (ရှင်းပါပြီ)။

မိုးလင်းသည်နှင့်တစ်ပြိုင်နက်တည်း (ပဒေါင်းတည်ပါတယ်ဘုရား) ဒါကို ပဋိစ္စသမုပ္ပါဒ်၊ ဒကာကြီးအခုပေးထားတဲ့

ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်လို့ရှိရင်ဖြင့် ကိုဘသော်တို့ပေါ် လိမ့် မယ်၊ မပေါ် ဘူးလား . . . (ပေါ်ပါတယ်ဘုရား) ပေါ် တယ်တဲ့။

ဩော် ငါ-မိုးလင်းလို့ရှိရင်ဖြင့် လင်းလျှင်လင်းခြင်း ခန္ဓာ ဉာဏ်စိုက်ပြီးတော့ ဖြစ်ပျက်ရှုပြီးထမဟဲ့ဆိုတဲ့စိတ်ဟာ တယ်-ပါခဲ့တယ် (ပါခဲ့ပါတယ်ဘုရား)။ အင်မတန်ပါခဲ့ပါလိမ့်မယ် ဆို တော့ မသိကစပြီး လာခဲ့တော့တယ်ဆိုတာ အဝိဇ္ဇာတွေ (အဝိဇ္ဇာတွေပါဘုရား)။

မသိလို့ရှိရင်ဖြင့် ဘယ်သူနေကောင်းကြလား၊ ဘယ်ဝါ နေကောင်းကြသလား၊ ဘယ်လူဟာဖြင့် ဘယ်ဟာ ဘာလုပ်နေ ကြပါလိမ့်မတုံးဆိုပြီးသကာလ ဩော်. . . သွားနိုင် လာနိုင်တဲ့ သားလေးတွေ၊ သမီးလေးတွေမြင်လိုက်တယ်ဆို၊ ခင်လိုက်တာ ကနောက်ကလိုက်လာတယ် (မှန်ပါ့ဘုရား)။

အဲတော့ မိုးလင်းရင် ဘာတည်ကြမလဲ (ပဒေါင်းတည် မှာပါဘုရား) ဒကာကြွယ် တယ်ကြောက်စရာကောင်းပါလား (ကောင်းပါတယ်ဘုရား)၊ မိုးလင်းရင် ဘာလုပ်ကြမယ် (ပဒေါင်း တည်မှာပါဘုရား)။

ဩော်-သံသရာဘီးကြီးကိုစပြီး သကာလ၊ ပဒေါင်းမပါ လို့ရှိရင် ဒေါက်စိုက်စရာမရှိဘူး (မရှိပါဘုရား) ပဒေါင်းမပါရင် (ဒေါက်စိုက်စရာမရှိပါဘုရား)။ ဒေါက်စိုက်စရာမရှိဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ဟာ စောစောစီးစီးဘာလုပ်ပါ လိမ့်မတုံးမေးတဲ့အခါကျမှ ဒကာသစ်ရေ ဘာတဲ့ (ပဒေါင်းတည် ရအောင်ပါဘုရား)။

ပဒေါင်းစပြီးမူတည်လိုက်တယ်၊ ရှင်းပလား (ရှင်းပါပြီ) အင်း-ပဒေါင်းတည်ပြီးလို့ရှိရင် ဒီဘီးကြီးဟာ ပဒေါင်းချည်း သက်သက်ဆိုလို့ရှိရင်ဖြင့် မလည်နိုင်သေးပါဘူး (မှန်လှပါ)။

## အိပ်ရာကနိုးလာလို့ရှိရင်

ဒီတွင်မှ အိပ်ရာကလဲထပါရောတဲ့ ကာယကံနဲ့ ဒကာ ဒကာမတွေက ဟော့ လဘက်ရည်မဆူသေးဘူးလား၊ အင်း ကော်ဖီလေးတစ်ခွက်မှမရသေးဘူးလားဆိုတဲ့ ကာယကံတွေက ဝစီကံတွေက မလုပ်ကြဘူးလား (လုပ်ပါတယ်) ကာယကံက ချောင်းမြောင်းကြည့်လိုက် ဝစီကံက ယူခဲ့ဟော့လို့ပြောလိုက် (မှန်လှပါဘုရား)။

အင်း-ဒါတွေက ဘာတွေပါလိမ့်ဆိုတော့ ကံတွေ၊ သဘောကျပလား (ကျပါပြီ) ဒါတွေက ဘာတွေပါလိမ့် . . . (ကံတွေပါဘုရား)။

အင်း-ပဒေါင်းတည်ပြီးသကာလ ဒကာ ဒကာမတွေ ကံတည်းဟူသော အကုသိုလ်ကံတည်းဟူသော ဒေါက်တွေက လည်း ထောက်လိုက်တယ် (မှန်ပါ့ဘုရား) ဒီဘက်ကြည့်ပါ

ဒကာကြွယ်တို့ အကုသိုလ်ကံဒေါက်၊ ထောက်ရတယ် (မှန်ပါ့)။

အိပ်ရာက နိုးလာလို့ရှိရင် ပဒေါင်းအရင်တည်ပြီး ကံတည်းဟူသော အကုသိုလ်ကံဒေါက်ထောက်ရတယ်၊ အင်း- အိပ်ရာကနိုးလာလို့ရှိရင် ပဒေါင်းအရင်တည်ပြီး ကံတည်းဟူသော ဒေါက်. . . (ထောက်ပါတယ်ဘုရား)။

ဒီဒေါက်ထောက်ပြီးသကာလ အကုသိုလ်ဒေါက်ထောက်၊ ဘုရားတွေဘာတွေလည်းရှိခိုးဦးမှ ယနေ့အတွက်ဖြင့် အန္တရာယ်ကင်း၊ ဘေးရှင်းအောင် ခန္ဓာကိုယ်ကြီးအတွက် အန္တရာယ်ကင်း၊ ဘေးရှင်းအောင်ဆိုပြီး ဘုရားရှိခိုးဒါတွေရှိသေးတယ် (ရှိပါတယ်ဘုရား)။

ခန္ဓာကိုယ်၊ အန္တရာယ်ကင်း၊ ဘေးကင်းအောင် လူကြီးကနေပြီးသကာလ အကုန်ရှေ့ဆောင်လုပ်ပြီးသကာလ လုပ်မှသာလျှင် တစ်အိမ်လုံးလည်း ကျန်းမာကြမှာပေါ့ဆိုပြီးသကာလ ဘုရားတွေဘာတွေရှိခိုး၊ ဆွမ်းတော်ပွဲလေးရလို့ရှိရင် တင်ပေါ့ဗျာ (မှန်ပါ့ဘုရား)။

အဲဒါကဘာတုံးမေးတဲ့အခါကျတော့ကိုတဲ့ ကိုယ့်ရဲ့ခန္ဓာကြီး ကျန်းမာရေး၊ ချမ်းသာရေး၊ နောက်ဘဝကောင်းစားရေး၊ ဒီဒေါက်ကလည်းတစ်ခါတည်း ပုညာဘိသင်္ခါရဒေါက်ကလာတာ (မှန်ပါ့ဘုရား)။

## ဘုံဘဝအလိုရှိတဲ့ကုသိုလ်နိဗ္ဗာန်မရောက်

ဒကာကြွယ် - ပုညဘိသင်္ခါရဒေါက်ဆိုတာ သဘော ကျပလား (ကျပါပြီ) အင်း-ဒါကုသိုလ်ဒေါက်ပေါ့ (မှန်ပါ့ဘုရား) ကုသိုလ်ဒေါက်၊ သို့သော် ဒီကုသိုလ်က နိဗ္ဗာန်ရောက်တဲ့ ကုသိုလ်လား၊ မရောက်တဲ့ကုသိုလ်လားလို့မေးတော့ ကျန်းမာ ရေး၊ ချမ်းသာရေးနဲ့ ဘုံဘဝအလိုရှိလို့လုပ်တဲ့ကုသိုလ်ဆိုရင်ဖြင့် နိဗ္ဗာန်မရောက်ဘူး။

ဒေါက်၊ သူသွားဖြစ်တယ် (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ် လည်စေတဲ့ ဒေါက်သွားဖြစ်တယ်၊ ခုနင်က စားချင်တဲ့ သောက် ချင်တဲ့စိတ်ကလေးက အကုသိုလ်ဒေါက် (မှန်ပါ့ဘုရား) ခုတစ်ခါ ဘုရားသွားရှိခိုးပြီး ဆွမ်းတော်ပွဲလေးနဲ့ ကျန်းမာရေး၊ ချမ်းသာရေး အလိုရှိပြီး လုပ်လိုက်တာလား. . . (ကုသိုလ် ဒေါက်ပါ ဘုရား) ကုသိုလ်ဒေါက်နော်။

အင်း-ဒေါက်ဘယ်နှစ်ခုတပ်ပြီးပြီလဲ (နှစ်ခုပါဘုရား) အင်း-အိပ်ရာကနိုးတုံး ပဒေါင်း ဆင်လိုက်တယ်၊ နိုးတော့ ဒေါက်တပ်တယ် (မှန်လှပါဘုရား)။ အမလေးကြောက်စရာကြီး ပါလား၊ ဒကာ ဒကာမတို့ (မှန်ပါဘုရား)။

ကြောက်စရာကြီးပါလားဆိုတဲ့ဥစ္စာသည် ဘုန်းကြီးက ရမ်းဟောနေတာလား၊ ခင်ဗျားတို့၏ စိတ်ဖြစ်စဉ်ကိုကြည့်ပြီး တော့ ဘုရားက ဒေါက်တပ်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သာသနာပအခါကျတော့လည်း ဒီဘက်က ရူပကုသိုလ်ဒေါက်တို့၊ အရူပကုသိုလ်ဒေါက်တို့၊ ဒေါက်တွေက မတပ်ပေဘူးလား (တပ်ပါတယ်) အေး. . . ဒီဒေါက်တွေသည်ကားဆိုရင် တခြားလားအောက်မေ့နေတယ် ဒကာ ဒကာမတို့ ဘီးကြီးလာ ပဒေါင်းလာစိုက်ကြတယ်။

ပဒေါင်းလာစိုက်တော့ ခုနကကုသိုလ်တွေဟူသရွေ့က လဲတဲ့ ဒကာ ဒကာမတွေသိတဲ့အတိုင်း ဒီကုသိုလ်ကလဲ အိုသေပဲ ကျေးဇူးပြုတယ်။

## အကုသိုလ်သည် အိုသေမှာလမ်းဆုံးတယ်

အကုသိုလ်ကလည်း (အိုသေပဲကျေးဇူးပြုပါတယ်) ခုနက ဒီကျန်းမာရေး၊ ချမ်းသာရေး၊ ဘဝကောင်းစားရေးလုပ်တဲ့ ကုသိုလ်ကလည်း ဘယ်သွားမှာလဲ (အိုသေပါဘုရား)။ အင်း- ဒီဘက်က အိုသေပဲ လမ်းဆုံးတယ်၊ သဘောကျပလား (ကျပါပြီ) ဒီဘက်က ဘယ်လမ်းဆုံးသလဲ (အိုသေပဲလမ်းဆုံးပါတယ်)။

အိုသေပဲလမ်းဆုံးတယ်ဆိုတာပေါ်ပါပြီ (ပေါ်ပါပြီ ဘုရား) ရှင်းပြီလား (ရှင်းပါပြီ)၊ ဒီဘက်အကုသိုလ်ကလည်း အပါယ်သွားပြီး အိုသေပဲလမ်းဆုံးတယ်၊ ဇရာ၊ မရဏာပဲ လမ်းဆုံးတယ် (မှန်လှပါဘုရား)။

ဒီဘက်က ရှုပဘုံ၊ အရှုပဘုံရောက်ကြောင်း ပုဂ္ဂိုလ်တွေ လုပ်တာကော အိုသေပဲလမ်းဆုံးတယ် (မှန်ပါ့ဘုရား)။ အရှုပ ဘုံရောက်ကြောင်း ပုဂ္ဂိုလ်တွေကလည်း (အိုသေပဲ လမ်းဆုံးပါတယ်)။

ဆိုတော့ ဒကာ ဒကာမတွေ ဒီခန္ဓာကိုယ်ကြီးသည်ကား လို့ဆိုလို့ရှိရင် အလည်ပဒေါင်းဟာမှာ ခုနက ဒေါက်လေးခု တပ်လိုက်တယ်။

## အိုသေ၊ သံပတ်ခွေက ချုပ်ထားတယ်

ဒေါက်လေးခုကို သံပတ်ခွေနဲ့တူတဲ့ အိုသေကနေ ချုပ်လိုက်တယ် (မှန်လှပါဘုရား) ဘာလုပ်လုပ်ခင်ဗျားတို့ အိုသေမှာ ခေါင်းစိုက်ရမယ် (မှန်ပါ)။

အကုသိုလ်လုပ်လည်း . . . (အိုသေမှာခေါင်းစိုက်ရမယ်) ဘုံဘဝနေတတ်တဲ့ကုသိုလ်လုပ်ရင်ကော. . . (အိုသေမှာ ခေါင်းစိုက်ရမယ်) အရှုပဘုံရောက်ကြောင်း ကုသိုလ်လုပ်ရင်ကော. . . (အိုသေမှာပါဘုရား) ရှုပဘုံရောက်ကြောင်း ကုသိုလ်လုပ်ရင်ကော. . . (အိုသေမှာပါဘုရား)။

အိုသေမှာ ခေါင်းစိုက်တော့ အိုသေကို ဘုရားက သံပတ်ခွေကြီးကွ (မှန်ပါ့) ဒေါက်တွေက သူပါလို့မြဲနေတာ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် အကုသိုလ်ဒေါက်ဟာလည်း သံပတ်ခွေ လမ်းဆုံးတယ် (မှန်ပါ့) အကုသိုလ်ဒေါက်ဟာလည်း (သံပတ်ခွေ လမ်းဆုံးပါတယ်)။

သံပတ်ခွေဆိုတာ ဘာပါလိမ့်မလဲဆိုတော့ ဇရာ၊ မရဏ (မှန်ပါ့ဘုရား)။ ဒကာ ဒကာမတို့ ဘယ်လမ်းဆုံးမလဲ (ဇရာ မရဏမှာပါ) ဒါဖြင့် အကုသိုလ်လုပ်လည်း အိုသေမှာ လမ်းဆုံးတယ်။

ဘုံဘဝကို ရချင်လို့လုပ်တဲ့ ကုသိုလ်တွေလည်း . . . (အိုသေမှာပဲ လမ်းဆုံးပါတယ်) နိဗ္ဗာန်ကိုမရောက်ဘူး၊ သံပတ်ခွေကပိတ်ထားတယ်၊ ဘုံဘဝကိုရချင်လို့လုပ်တဲ့ ကုသိုလ်ဟူသဖြင့် ဒီမှာလမ်းဆုံးတယ်ဆိုတာဖြင့် သေချာကြပလား (သေချာပါပြီ) ဩော်-ဒါဖြင့် ဒကာသစ်ရေကြောက်စရာကြီးပါလား (ကြောက်စရာကြီးပါဘုရား)။

အင်း-အရိယာမျက်လုံးတပ်ပေးမည့်လူမရှိလို့ရှိရင်ဖြင့် တစ်နေ့လုံးဟာ ရထားလမ်းဘီးထင်နေတာပဲ (မှန်လှပါဘုရား) အရိယာမျက်လုံးတပ်ပေးမည့်လူမရှိရင် (ရထားလမ်းဘီးထင်နေမှာပါဘုရား)။

တစ်နေ့ ဘီးပေါင်းဘယ်လောက်လုပ်ပါလိမ့်မတုံးဆိုရင် မရေတွက်နိုင်ဘူး၊ ဒါ့ကြောင့် တစ်နေ့ကနေ့လည်ပြောခဲ့တာကို နည်းနည်းနားထောင်ကြည့်ပါ၊ ဒကာ ဒကာမတို့ ပေါ်လာလိမ့်မယ်နော်။

အခုဒီဒေါက်တွေနဲ့ ကျုပ်တို့သံသရာလည်လာလို့ ဘယ်ကနေပြီး လှိမ့်လာတဲ့ဘီးမှန်းမသိဘူး၊ လှူပြည်တော့ရောက် နေပြီ လူ့ပြည်ရောက်ပြီးသကာလ ဒကာ ဒကာမတွေ ဒီအတိုင်း နေကြမှာလား၊ အိုသေပဲသွားကြမှာလား. . . (အိုသေပဲ သွား ကြမှာပါဘုရား)။

ဩော်. . . လူ့ပြည်ရောက်လာပြီး ဒီဘီးကြီးသည် အိုသေမှာပဲ လမ်းဆုံးတယ်၊ ဒီကနေပြီးတော့ လှိမ့်သွားမယ်ဆို ရင်ဖြင့် ခင်ဗျားတို့ ငယ်ငယ်တုန်းကဆုတောင်းတွေအတိုင်း ဆိုရင် နတ်ပြည်လှိမ့်ဦးမှာပဲ။

နတ်ပြည်လှိမ့်တော့ကို အဆုံးဘာရမလဲဆိုတာ အကဲ ခတ်ကြည့်ပါဦး. . . (အိုသေပါဘုရား) အိုသေပဲရမယ်၊ ဒီကနေတက်ပြီး လှိမ့်ဦးတော့ ဗြဟ္မာပြည်ရောက်တယ်ဆိုရင် လည်း . . . (အိုသေပါဘုရား)။

## ဒေါက်တွေတပ်တာပုဂ္ဂိုလ်တွေ

ဒီရထားကြီးမောင်းချင်တဲ့ဆီမောင်းတဲ့ သံပတ်ခွေပြင် ဘက်ကို မထွက်ဘူး (မှန်လှပါဘုရား) ဒါဖြင့် ဒီလိုယူကြပေ တော့၊ ပြုတဲ့ အလည်ဒေါက်တွေတပ်တာဟာ ပုဂ္ဂိုလ်တွေမှတ်၊ ဒေါက်တပ်တာဟာ ပုဂ္ဂိုလ် (မှန်လှပါဘုရား)။

ကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်၊ အကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်၊

ကုသိုလ်လုပ်တာ၌ ရိုးရိုးကုသိုလ်မဟုတ်ဘူးနော်၊ ဝဋ္ဋလုပ်တဲ့ ကုသိုလ်၊ ဝဋ္ဋကုသိုလ်ဆိုလိုက် ဒကာကြွယ် (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒီဒေါက်တွေဟာလည်း အခု အပြည့်အစုံနဲ့ ဒကာ ဒကာမတွေမှာ တပ်ထားတယ်၊ ဒီဘီးကြီးလည်လာလို့ လူ့ပြည် ရောက်ပြီ၊ ဒီကနေပြီး သကာလ ဒကာ ဒကာမတွေ ဘယ်လည် ကြဦးမလဲဆိုတော့လဲ မပြောတတ်သေးဘူး (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

မဂ်ဉာဏ်ဖိုလ်ဉာဏ်မရရင် မပြောတတ်သေးဘူးပေါ့ ဗျာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင်တော့ ဒီကနေ ဘယ်မှ မလိမ့် တော့ပါဘူး (မှန်လှပါ) ရှင်းပလား (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဒကာကြွယ် တို့အဖြစ်တွေဟာလည်း တယ်ဆိုးတယ်နော်၊ ဒကာကြွယ်တို့ အဖြစ်တွေ၊ ဒကာ့သစ်တို့အဖြစ် သိပ်ဆိုးပါတယ်၊ ဘာတွေ ဆိုးသတုံးလို့ဆိုလို့ရှိရင် မျက်လုံးကလေးဖွင့်လိုက်တယ် (မှန်ပါ့)။

မျက်လုံးလေးဒီနေ့မနက်စောစောပိုင်း မျက်လုံးလေး ဖွင့်လိုက်တယ်၊ ဖွင့်လိုက်တယ်ဆိုကတည်းက မျက်လုံးကလေး က သားကလေးမြင်လိုက်၊ သမီးကလေးမြင်လိုက်၊ မမြင်ပေဘူး လား (မြင်ပါတယ်)။

အင်း-မြင်လို့ရှိရင် ဒါက သားအာရုံ၊ ဒကာ ဒကာမတွေ

က မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျလို့ရှိရင် မြင်တယ်၊ မြင်လို့ရှိရင် ခင်တယ်၊ သဘောကျပလား (ကျပါပြီ)။

ခင်တယ်ဆိုတော့ အကုသိုလ်ဖြစ်တယ်၊ ခင်တယ်ဆိုရင် ခင်တာတင်မရပ်ဘူး စွဲလမ်းတယ် . . . (မှန်ပါ)စွဲလမ်းတယ် တင်မဟုတ်ဘူး သူ့ကိုပဲ စိုးရိမ်တယ်၊ ကြောင့်ကြတယ်၊ ကာယကံ၊ဝစီကံတွေနဲ့ ဟိုလမ်းမသွားနဲ့၊ ဒီလမ်းဖြင့် မသင့်တော်ဘူးဆိုတဲ့ ဝစီကံတွေကို ပြောမိတယ် (ပြောမိပါတယ်ဘုရား)။

ဩော် . . . ဒါတွေက မျက်လုံးပေါ်ကနေပြီး ဒကာ ဒကာမတို့ ဘာလုပ်ပြန်ပါလိမ့်မလဲလို့မေးတဲ့အခါ ကာယကံ ဝစီကံလုပ်တယ်ဘုရား၊ သဘောကျပလား (ကျပါပြီ) မျက်လုံးပေါ်က ဘာလုပ်သလဲ . . . (ကာယကံ၊ ဝစီကံလုပ်ပါတယ်)

ဒါဖြင့် ဒကာဒကာမတို့ ဒီအထဲမှာ ဒေါက်တွေ၊ ဒေါက်လဲရတယ် (မှန်ပါ့ဘုရား) ပထမဒေါက်ပျက်သွားလို့ရှိရင် နောက်ဒေါက်လဲဖို့ အဆင်သင့်ပြင်ထားတယ် (မှန်လှပါဘုရား) မျက်လုံးပေါ်ကလုပ်တဲ့ဒေါက် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘယ်ကလုပ်တဲ့ ဒေါက်လည်း . . . (မျက်လုံးပေါ်က လုပ်တဲ့ ဒေါက်ပါ)။

ဟိုဒေါက်ပျက်ပြီလားလို့မေးလို့ရှိရင်၊ အရင်လာတဲ့ ဘီးကြီးမှာ ဒေါက်တွေနဲ့ ပျက်ကုန်လို့၊ သံသရာအကန့်အကွက်တွေ ပျက်ပါပေါ့လားလို့ ဒီလိုမဆိုလိုက်ပါနဲ့တဲ့ မပျက်ခင်ဒီက ဒေါက် လုပ်ထားတယ်။

သေသေချာချာစဉ်းစား၊ ရမ်းပြောလို့မရဘူး၊ သေသေချာချာ စဉ်းစားတော့ ဒကာ ဒကာမတွေ မျက်လုံးပေါက်က ဘာတွေလုပ်ပါလိမ့်၊ ဒေါက်တွေလုပ်ပါတယ်ဟ. . . အရင်ဘီးကြီးက ပျက်ပြီလား (မပျက်သေးပါဘူး)၊ အို. . . မပျက်သေး ဘူး။

မပျက်သေးတာအရင်သံသရာလည်တဲ့ဇာတ်ကြီးက စခန်းမသတ်သေးဘူး၊ ဒေါက်ကြီးနဲ့လည်တုံးပဲ၊ သို့သော်ဒီက အစားလုပ်ထားတယ် (မှန်ပါ့) ဘာလုပ်ထားလဲ. . . (အစားလုပ်ထားပါတယ်)။

ဘာဖြစ်လို့တုံး (ရှေ့လည်ဖို့ပါ) ရှေ့လည်ဖို့ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အမလေး ဒကာ ဒကာမတွေ သံသရာလည်ဖို့ ဓာတ်ကြီးဟာ ဒီဥစ္စာကြီး ဘီးကြီးအကုန်ပျက်သွားရင် သိပ်ကောင်းမယ် (မှန်လှပါဘုရား)။

ကောင်းပင်ကောင်းငြားသော်လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒေါက်အဆင်သင့်လုပ်ထားတော့ကို၊ခုအဆင်သင့်လုပ်ပစ်လိုက်တာအရင်ပဒေါင်းအပေါ်၌ နောက်ဒေါက်စိုက်ဖို့ပဲဆိုတဲ့ ဥစ္စာမျက်လုံးပေါက်က၊ အသစ်လုပ်ပစ်လိုက်တယ် (မှန်လှပါဘုရား)

ဟောင်းရင်လဲဖို့၊ ဘယ်လိုပါလဲ (ဟောင်းရင်လဲဖို့ပါဘုရား)၊ ဒကာ ဒကာမတွေဘယ်လိုအဓိပ္ပါယ်ရသလဲ၊ (ဟောင်းရင်လဲဖို့ပါဘုရား) ဟောင်းရင်လဲဖို့ပဲရတယ် ဒီပြင်ဘာမှမရဘူး

. . . (မှန်လှပါဘုရား)၊ သဘောပါပလား (ပါပါပြီဘုရား)။

ကိုင်း-မျက်လုံးပေါက်ကနေပြီး သားအတွက် သမီးအတွက် စိုးရိမ်မှုကြောင့်ကြမှုတွေဟာ ဘာလုပ်ကြတာတုံးလို့ မေးတော့ ဘီးကြီးကိုလဲဖို့ ဒေါက်အပိုဆောင်တာ (မှန်လှပါဘုရား)။

မျက်လုံးပေါက်စက်ရုံကနေပြီးသကာလ ဒကာ ဒကာမတွေ ခုနကဘီးကြီးဟာ ဒေါက်တွေအဆင်သင့်လုပ်တာပဲ၊ ဒကာကြွယ်ဘယ်နှယ်ကြောင့် လုပ်ပါလိမ့် (လဲဖို့ပါဘုရား) လဲဖို့ဆိုတော့ အရင်ဘီးကြီးလည်နေရတဲ့ဥစ္စာ၊ မလည်နိုင်မှာစိုးလို့။

သံသရာကြီးလည်နေတဲ့ဘီးကြီးကို (မလည်နိုင်မှာစိုးလို့ပါဘုရား) မလည်နိုင်မှာစိုးလို့ဒေါက် တစ်ခုကျိုးသွားရင် ဘီးကိုးယိုကားယားဖြစ်ပြီး သုံးဆယ့်တစ်ဘုံထဲ ဒိုင်းဒိုင်းမပြေးနိုင်မှာစိုးလို့ ဒေါက်လဲဖို့ မျက်လုံးပေါက်ကနေ ရိပ်မိပလား (ရိပ်မိပါပြီ)။

တစ်နေ့ဘယ်နှစ်ကြိမ်ဒေါက်တွေများ ခင်ဗျားတို့လုပ်ထားပါလိမ့် (မရေတွက်နိုင်ပါဘုရား) အံ့မယ်. . အရင်ဟာထက်များနေဦးမယ်နော် ရှင်းပလား (ရှင်းပါပြီ)။

ဒကာ ဒကာမတွေ ခင်ဗျားတို့ ဒီဥစ္စာကို မသိလို့ရှိရင်လည်း မျက်လုံးပေါက်က ဝိပဿနာဉာဏ်တွေ မလိုက်လို့ရှိရင်လည်း ဒေါက်လုပ်တာသက်သက် (မှန်လှပါဘုရား)။

ဒေါက်တင်မကဘူး၊ ဒကာ ဒကာမတို့ ပဒေါင်းပါဆက်

လုပ်တယ် (မှန်လှပါ) ခက်လိုက်တာ သားလေးလို့ဆိုတော့ မသိတာက အဝိဇ္ဇာ၊ ခင်တာက တဏှာ (မှန်လှပါဘုရား)။

ဟောမိုးလင်းလာလို့ရှိရင် ပဒေါင်းလည်းလုပ်လိုက်၊ ကာယကံ၊ ဝစီကံနဲ့လည်းပြောလိုက် ဆိုလိုက်ဆိုတော့ ပဒေါင်း လည်း လုပ်ပြီးသား၊ ဒီစက်ရုံက ဒေါက်လည်းလုပ်ပြီးသား ရိပ်မိ ပလား (ရိပ်မိပါပြီ)။

ဩော်- ဒကာ ဒကာမတို့ နေ့တိုင်း ဘာလုပ်ကြပါလိမ့် ဆိုတော့ ပဒေါင်းကွဲရင် ပဒေါင်းလဲဖို့ ဘုရား၊ ဒေါက်ကျိုးရင် (အစားထိုးဖို့ပါဘုရား) သေသေချာချာမှတ်ပါခင်ဗျားတို့ (မှန်ပါ့)။

ပဒေါင်းကွဲရင် (ပဒေါင်းလဲဖို့ပါဘုရား) အင်းပဒေါင်းကွဲ ရင် လဲဖို့၊ ဒေါက်ကျိုးရင်အစားထိုးဖို့၊ အဲဒါခင်ဗျားတို့နေ့တိုင်း လုပ်နေတဲ့အလုပ်၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သားလေးဖြစ်စေ၊ သမီးလေးဖြစ်စေ မြင်လိုက်တယ် ဆိုလို့ရှိရင် ဒုက္ခသစ္စာပဲလို့မမြင်ဘဲနဲ့ သားဟူသောအမှတ်မြင် လိုက်တယ်ဆိုရင် ဒါအဝိဇ္ဇာပဲ (မှန်ပါ) မြင်လို့ရှိရင်လည်း ဒီဥစ္စာ အားကိုးရာ အားထားရာပဲ၊ ခင်ရာမင်ရာပဲဆိုတော့ တဏှာ။

ဒါမျက်လုံးပေါက်ကနေပြီး ရှေးဦးစွာ ပဒေါင်းလုပ်တာ၊ သစ္စာမသိသောကြောင့် အဝိဇ္ဇာ၊ ခင်သောကြောင့် . . . (တဏှာ) အဝိဇ္ဇာနဲ့တဏှာကပဒေါင်း (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီ)။

အင်း-မပြောလည်းမပြီး မတီးလည်းမမြည်ဆိုသလိုပဲတဲ့ စိုးရိမ်ကြောင့်ကြတာအမေမိဘဆိုတော့ လူကြီးရယ်လို့ဖြစ်လာတော့၊ ကာယကံနှင့် စမ်းသပ်ကြည့် နေများကောင်းရဲ့လား (တင်ပ့ါ) ကိုယ့်သားသမီးလေးတွေကို စမ်းဖူးကြရဲ့လား. . . (စမ်းဖူးကြပါတယ်ဘုရား) အမယ်တစ်ပြိုင်နက်ထွက်လာတယ်။

ကာယကံနဲ့ စမ်းပြီးတော့ ဝစီကံနဲ့ ဒီလမ်းမသွားနဲ့ ဒီအစာမစားနဲ့ပြောမိဘူးလား (ပြောမိပါတယ်ဘုရား) ဒါတွေက ဒကာဒကာမတွေ ခင်လို့ပြောတာတွေနော် (မှန်ပ့ါ)။

## ကာယကံ၊ ဝစီကံတွေကဘာတုံး

ဒီကာယကံ ဝစီကံတွေက ဘာတုံးဆိုတော့ ဒေါက်လုပ်တာ၊ ပြန်ပြောပါတယ်၊ ဒကာ ဒကာမတွေ ဒါကိုသတိထားပါ (မှန်လှပါဘုရား)။

မနက်မိုးလင်း သားလေးမြင်လိုက်တာ၊ သားရယ်လို့သာ အမှတ်ထားလိုက်လို့ရှိရင် ဒါမသိတော့ဘူး၊ ခင်တဲ့တဏှာကလည်း လိုက်ပြီ၊ အင်း. . . ဘာလုပ်ပြီးတုံး၊ ကာယကံ ဝစီကံနဲ့ ဒကာ ဒကာမတွေက ပြောမိဆိုမိ။

ဒေါသနဲ့ ပြောမိ ဆိုမိ၊ တစ်ခါတရံလည်း လောဘနဲ့ ပြောမိတဲ့အခါကော. . . (ပါ-ပါတယ်ဘုရား) ဒီအချိန် ဒီကံတွေက ဘာလုပ်ကြတာတုံး (ဒေါက်လုပ်ပါတယ်) ဒေါက်လုပ်တယ်နော်။

အင်း- ဒကာ ဒကာမတို့ မိုးလင်းလို့ရှိရင်ဖြင့် ပဒေါင်း ပျက်ရင် ပဒေါင်းအစားထိုးဖို့၊ နောက်ဘဝကပါလာတဲ့ ပဒေါင်းကြီးနဲ့ အစားထိုးဖို့ ဒေါက်တွေပျက်လို့ရှိရင် (ဒေါက်အစားထိုးဖို့ ပါဘုရား)။

ဒီလိုဆိုလို့ရှိရင် သံပတ်ခွေကြီးဟာ ဒကာ ဒကာမတို့ ဇရာ မရဏ သံပတ်ခွေကြီးဟာ ဘယ်ခါကာလမှ ပြုတ်တော့မှာ မဟုတ်ဘူး (မပြုတ်တော့ပါဘုရား) ပဒေါင်းပျက်ရင် ပဒေါင်း အစားထိုး၊ အင်းဒေါက်ပျက်ရင် . . . (ဒေါက်အစားထိုးပါ ဘုရား)။

ဒီသံပတ်ခွေပြုတ်စရာမြင်သေးရဲ့လား (မမြင်တော့ပါ ဘုရား) ဒါဖြင့် ခင်ဗျားတို့ အိုသေဘယ်တော့မှ မလွတ်တော့ ဘူး (မလွတ်တော့ပါဘုရား)၊ သဘောပါပလား (ပါ-ပါပြီ ဘုရား)။

အိုသေဟာ ဘယ်နှယ်လဲ . . . (မလွတ်ပါဘုရား) ဘာ ဖြစ်လို့ မလွတ်ကြပါလိမ့်မတုံးလို့ မေးတဲ့အခါ မိုးလင်းရင် ပဒေါင်းနဲ့ ဒေါက်က တပည့်တော်တို့က အပုံကြီးလုပ်ထားတာ ရှင်းပလား . . . (ရှင်းပါပြီ)။

ဟ. . . ဘာပြုလို့ ဒီလောက်တောင် အကြီးအကျယ် လုပ်ပါလိမ့်မတုံးဆိုတော့ တပည့်တော်တို့က အိုသေကို အားမရ ကြသေးလို့ ပဒေါင်းအစားထိုးရ၊ ဒေါက်ကော (အစားထိုးရပါ တယ်)။

## ဒွါရခြောက်ပေါက်စက်ရုံ

အင်း-ဒါဖြင့် ဒွါရခြောက်ပေါက်စက်ရုံကနေပြီး သကာလ နေ့တိုင်း ပဒေါင်းနဲ့ ဒေါက်လုပ်တယ် (မှန်ပါ့ဘုရား) ဒွါရခြောက်ပေါက်စက်ရုံကနေပြီး (နေ့တိုင်း ပဒေါင်းနဲ့ ဒေါက် လုပ်ပါတယ်ဘုရား)။

သေသေချာချာစဉ်းစားနားထောင်ပါ၊ ဩော်- ငါတို့ ပြောသရွေ့ ဆိုသရွေ့ဖြင့် ဘယ်လိုများ ကျေးဇူးများသတုံးဆိုတဲ့ ဥစ္စာ ဒကာကြွယ် ပေါ်လာပြီ၊ လူကြီးမို့ပြောရတယ်၊ မနေသာ တာတွေ မလာဘူးလား. . . (လာပါတယ်)။

မနေသာလို့ပြောရတယ်ဆိုတာ ဝစီကံ၊ မနေသာလို့ သားရေး သမီးရေးနဲ့ သွားရတာက (ကာယကံပါဘုရား) ကာယကံ သဘောကျပလား . . . (ကျပါပြီ) မနေသာလို့ သွားရလာရတာက . . . (ကာယကံပါဘုရား)၊ မနေသာလို့ ပြောရဆိုရတာက (ဝစီကံပါဘုရား) ဒါတွေက ဒေါက်မှတ်လိုက် (မှန်လှပါဘုရား)။

ဘယ်သူ့ကိစ္စတုံး . . . အို. . . သားကိစ္စပေါ့ဘုရား (မှန်လှပါ) သမီးကိစ္စပေါ့ဘုရား၊ ဒါက အဝိဇ္ဇာ၊ ဒါတွေဟာ ခင်ပွန်းနဲ့ ဘာစပ်သတုံးဆိုတော့ အရှင်ဘုရား ဒီဥစ္စာ တပည့် တော် ရင်သွေးတွေပေါ့ဘုရားဆိုတော့. . . တဏှာကဝင်စွက် တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် မိုးလင်းလာရင် ဘာတွေများလုပ်ပါလိမ့်မတုံး၊ ဝိပဿနာမလုပ်တဲ့လူတွေ ဘာတွေများလုပ်နေပါလိမ့်မတုံး မေးရင်ဖြင့် (ပဒေါင်းနဲ့ ဒေါက်လုပ်ပါတယ်) ပဒေါင်းနဲ့ဒေါက် လုပ်နေတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

အရင်ပဒေါင်းနဲ့ တော်တော်အိုလို့လားဗျ၊ အရင်ဒေါက်တွေက ပျက်စီးမည့်ဆဲဆဲမို့လို့လားလို့ မေးလို့ရှိရင် မဟုတ်သေးပါဘူး၊ လိုတော့တပ်ဖို့၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဘယ်လိုဖြစ်နေကြလဲ (လိုတော့တပ်ဖို့ပါဘုရား)။

ဒကာကြွယ်၊ ပဒေါင်းတို့ဒေါက်တို့လိုတော့ တပ်ဖို့ကို စက်ရုံပေါင်းဘယ်လောက်က လုပ်ပါလိမ့်မလဲ (စက်ရုံခြောက်ခုကပါဘုရား) ဒွါရခြောက်ပေါက်ဗျာ၊ စက်ရုံခြောက်ရုံကနေပြီး ဒကာ ဒကာမတွေလုပ်လိုက်တဲ့ဖြစ်ခြင်း၊ တစ်နေ့မှာ ဒီဟာက အနောက်နိုင်ငံစက်ရုံကြီးတွေကြီးကျယ်တယ်ဆိုတာ ခင်ဗျားတို့ အိပ်နေသလောက်ရှိသေးတယ် (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

အင်း-မျက်လုံးဖွင့်လိုက် ဘယ်နှစ်ခါဖွင့်မှန်းလဲ မသိဘူး၊ ဖွင့်တိုင်းဖွင့်တိုင်းလည်း ပဒေါင်းနဲ့ ဒေါက်ကလုပ်ပြီးသားချည်း ဖြစ်နေတယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

## လူတစ်သိန်းသေလို့ နိဗ္ဗာန်မရောက်

ဒါဖြင့် ခင်ဗျားတို့ဟာ လူတစ်သိန်းသေလို့တစ်ယောက်၊ နိဗ္ဗာန်မရောက်ပါဘူးကွာ၊ သုဂတိတောင် (မှန်ပါ့ဘုရား) နိဗ္ဗာန် မရောက်ဘူးဆိုတာကို ယုံပလား (ယုံပါပြီ)။

ဟ- ဘာတွေလုပ်နေလို့မရောက်ပါလိမ့်မတုံးဆိုတော့ သံသရာလည်ဖို့ ပဒေါင်းနဲ့ ဒေါက်လုပ်နေတဲ့ပုဂ္ဂိုလ်ချည်းပဲ (မှန်လှပါဘုရား)။

ပဒေါင်းချိုးတဲ့ပုဂ္ဂိုလ်ရှာမှရှား (ရှားပါတယ်ဘုရား) သဘောကျပလား (ကျပါပြီ) အင်း-ဒေါက်ဖြစ်ရင် ဒေါက်ချိုးတဲ့ ပုဂ္ဂိုလ်ကော ရှာမှရှား ဒကာကြွယ်ရေ . . . (မှန်လှပါဘုရား)။

အခုဟာ . . . ဒကာဒကာမတွေ၊ နားကြီးကြီးလာ တော့၊ အင်မတန်မြင့်လာပြီ၊ သဘောကျပလား. . . (ကျပါပြီ) နားကြီးလာတဲ့အတွက် မြင့်သောတရားကိုနားကြီးတဲ့ပုဂ္ဂိုလ်မို့ ဘုန်းကြီးကလည်းနားလည်အောင်ပြောရမည့်ဝတ္တရားရှိတယ် (မှန်လှပါဘုရား)၊ သဘောပါပလား (ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် မျက်လုံးဖွင့်လိုက်လို့ရှိရင်ဖြင့် ဒကာကြွယ်၊ ဒကာသစ်ရေ၊ သစ္စာမသိလို့ရှိရင်ဖြင့်တဲ့. . . ပဒေါင်းလုပ်တော့မယ်၊ ကာယကံ၊ ဝစီကံ လိုက်လာရင် ဒေါက်လုပ်တယ်၊ ရှင်းပလား (ရှင်းပါပြီ)။

ဒီပဒေါင်းတွေ၊ ဒီဒေါက်တွေ၊ ဘယ်လမ်းဆုံး ပါလိမ့် မတုံး

မေးတဲ့အခါ သံပတ်ခွေမှာလမ်းဆုံးတယ်၊ (မှန်လှပါ ဘုရား) အို သေမှ ၁ (လမ်းဆုံးပါတယ်ဘုရား)၊ အို သေမှ ၁ လမ်းဆုံးတယ်ဆိုတာပေါ်ပလား၊ (ပေါ်ပါပြီ)။

ဒီကြည့်လေ. . . သံပတ်ခွေပတ်ထားတာ၊ ဒါဘယ်ပြေးနိုင်သေးရဲ့လား (မပြေးနိုင်ပါဘုရား)။

ကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်လည်းအိုသေပဲ၊ ဝဋ်ကုသိုလ်တွေကိုးဗျ (မှန်ပါ့ဘုရား)၊ အကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်တွေ . . . (အိုသေပါဘုရား)၊ ရူပဘုံရောက်ကြောင်း လုပ်တဲ့ကုသိုလ်တွေ . . . (အိုသေပါဘုရား) အရူပဘုံ ရောက်ကြောင်းလုပ်တဲ့ ကုသိုလ်တွေလည်း (အိုသေပါပဲဘုရား)။

ကိုင်းသံပတ်ခွေပြင်ဘက်ထွက်နိုင်ကြရဲ့လား . . . (မထွက်နိုင်ပါဘုရား)၊ မထွက်နိုင်တော့ ဘုန်းကြီးတို့ဒကာဒကာမတွေဟာ၊ ဆရာသမားအကူအညီကင်းခဲ့သည်ရှိသော် ဒကာဒကာမတို့သိတဲ့အတိုင်း၊ ဘယ်နည်းနဲ့မှ၊ ဒီပဒေါင်းကြီး မပျက်နိုင်ဘူး၊ (မှန်လှပါဘုရား)။

ဘယ်နည်းနဲ့မှဒီဒေါက်တွေလုပ်ပြီးသား၊ ခင်ဗျားတို့ အစားမထိုးပဲ မရှိဘူး၊ သဘောကျကြပလား. . . (ကျပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ တပည့်တော်တို့နောက်တုံးက ဘာများဖြစ်ခဲ့ကြပါလိမ့် မတုံးဘုရား. . ဆိုရင်. . ဒီဘီးကြီးအတိုင်းပေါ့ (မှန်လှပါဘုရား)။

အဝိဇ္ဇာတဏှာပဒေါင်းကြီးနဲ့ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ဆိုတဲ့ဒေါက်တွေနဲ့၊ ဇရာ၊ မရဏဆိုတဲ့ အခွေကြီးနဲ့ (၃၁)ဘုံမှာ ခန္ဓာဝန်ထမ်းပြီး၊ ဒိုင်းဒိုင်းပြေး နေတာပေါ့ကွ၊ ဒါပဲပြောချင်တယ်၊ (မှန်လှပါဘုရား)

ဒီပြင်များဘာရှိသေးလဲ. . . (ဘာမျှမရှိပါဘူးဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒီတစ်ခါ အခုဆရာကောင်းသမားကောင်းနဲ့တွေ့ပြီ၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေမှာ ထောင်နိုင်တဲ့နားလေးနဲ့ ဒကာကြွယ်ရှိနေပြန်တော့ (မှန်လှပါဘုရား) ဒီတခါ ပဒေါင်းကို၊ ချိုးနိုင်ချိုး၊ ဒေါက်တွေကိုချိုးနိုင်ချိုး၊ ဒီတခါမှမချိုးမိလို့ရှိရင်ဖြင့် မြေကြီး(၁၃)မိုင်တက်တောင်မှ ခင်ဗျားတို့အိုသေတော့မလွတ်ပါဘူး၊ လွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

## ရောက်ရာခင်တဲ့တဏှာဟာအဆိုးဆုံး

သိပ်ကြောက်စရာကောင်းပါလား. . . (ကောင်းပါတယ်ဘုရား) ခင်ဗျားတို့ကို သတိပေးချင်တာက များများ မဟုတ်ပါဘူး၊ ရောက်ရာခင်တဲ့တဏှာဟာ အဆိုးဆုံးပဲ. . . (မှန်လှပါဘုရား) ရောက်ရာခင်တဲ့တဏှာ. . . (အဆိုးဆုံးပါဘုရား)။

ရောက်ရာခင်တဲ့တဏှာဆိုတာ၊ ကိုယ်ခန္ဓာကြီးက လည်း ခုကိုယ်ခန္ဓာကိုယ်ခင်တာရောက်တဲ့ဘဝမှာ ကိုယ်ခင် တာ (မှန်ပါ့)။

ခွေးဘဝရောက်ပြန်လည်း ခွေးက၊ ခွေးခန္ဓာလေး ခင်နေတာပဲ၊ ရောက်ရာခင်တဲ့တဏှာ၊ ရောက်ရာမသိတဲ့အဝိဇ္ဇာ၊ ဒီဟာကြောက်စရာအကောင်းဆုံးပဲ။

ရောက်ရာမှာ မွေးတဲ့သားသမီး၊ ဒါလေးတွေအသစ်လုပ်ပြီးသကာလ ခင်ဗျားတို့ကဘာလဲ. . . (ခင်ပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

အဲဒီ အဝိဇ္ဇာနဲ့ ဘဝတဏှာဟာ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ပဒေါင်းဗျ. . . (မှန်ပါ့) အဝိဇ္ဇာနဲ့ ဘဝတဏှာ ဟာ . . . (ပဒေါင်းပါဘုရား)။

ပဒေါင်းပဲဆိုတာသေချာပလား (သေချာပါတယ်) အဲဒီတော့ ကိုယ့်သန္တာန်မှာကိုယ် ကအင်းကိုယ့်ခန္ဓာကြီး ဒုက္ခသစ္စာ၊ လို့မသိတာက အဝိဇ္ဇာ၊ အင်းသားသမီးတွေ ခင်တာက တဏှာဆိုတော့ နေ့တိုင်းဒီဥစ္စာကြီးက ပဒေါင်းလဲ နေတာပဲ (မှန်ပါ့ဘုရား)။

ပဒေါင်းတွေပဲ ထပ်လုပ်နေတာပဲ ဆိုတာငြင်းဖို့လို သေးလား၊ မလိုပါဘူးဘုရား၊ ဒါတွေနဲ့ပတ်သတ်ပြီးသကာလ၊ ကိုယ့်အရေးမို့ပြောရဦးမယ်၊ ကိုယ်သားသမီးအရင်းမို့ ကျုပ်

မနေနိုင်ဘူး၊ ပြောရလိမ့်မယ်၊ ကျုပ်မဆိုင်ရင်ကျုပ်မပြောပါဘူး၊ (မှန်ပ့ါ)

သူကတဏှာနဲ့ဒါနဲ့ကိုးဗျ၊ ဆိုင်တယ်ဆိုတာ တဏှာက ပြောတာ၊ မဆိုင်ရင်ကျုပ်မပြောပါဘူး၊ ကျုပ်ဟာ အင်မတန် သူတော်ကောင်းပါ။ မခံသာတာနဲ့ပြောလိုက်ရတယ်၊ ဆိုင်လည်း နေတာနဲ့ပြောလိုက်ရတယ်။

ဆိုင်တာကတဏှာ၊ပြောရတာက ကာယကံ၊ ဝစီကံ၊ (မှန်ပ့ါ) ဒါကြောင့်တမင်လာပြောပါတယ်ဆိုတော့၊ တမင် လာတာက- ကာယကံ၊ ပြောပါတယ်ဆိုတာက ဝစီကံ၊ ရိပ်မိပလား (ရိပ်မိပါပြီ)

တမင်လာပြောတယ်ဆိုတဲ့စကားဟာလေ၊ မြို့သုံး ယဉ်သလောက်၊ လာတာကဘာတဲ့လဲ- (ကာယကံ၊ ဝစီကံ ပါဘုရား)၊ တမင်လာပြောရတယ်ဆိုတာက (ဝစီကံပါဘုရား)၊

နင်တို့နင်တို့တမင်တကာကိုး၊ ပြောနေတာ၊ အမလေး ဒေါက်တပ်တာတွေအတော်ရဲနေပြီ၊ မရဲဘူးလား-(ရဲပါတယ် ဘုရား)၊ ဘာရဲတာလဲ . . . (ဒေါက်တပ်ရဲတာပါဘုရား)၊

အရင်ဒေါက်တွေဆွေးမြေ့သွားလို့ရှိရင် ဒီဒေါက်နဲ့ ပြန်လဲပြီးသကာလဒီအိုပွဲ၊ သေပွဲဝင်အုံးမယ်၊ ဒါကို ရဲရဲ တင်းတင်းပြောတာ (မှန်လှပါဘုရား) သဘောကျပလား- (ကျပါပြီ)၊

ခင်ဗျားတို့ကလည်း ဘာအပြစ်ရှိသတုံး ပြောချင်လည်း ပြောမှာ။ အပြစ်ကတော့ဖြင့် ပြောစရာမရှိပါဘူး။ ဒကာ ဒကာမ တို့အပါယ်လေးပါးပါပဲလို့ . . . (မှန်လှပါဘုရား)၊ ပြောရုံပဲရှိပါတယ်၊ သဘောပါပလား (ပါပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ မိုးလင်းရင် ဒကာသစ် ဘာလုပ်ကြသတုံးလို့မေးရင် ဘယ်နှယ့်ဖြေပါ့မလဲ . . . (ပဒေါင်းနဲ့ဒေါက်တပ်တာပါဘုရား) ။

မလင်းနဲ့ဦး၊ ဟိုမှာမအိုသေးဘူး၊ သံသရာ လည်တုံးရှိသေးတယ်၊ အခုဟာအဆင်သင့်၊ ဆောင်ထားတာ၊ မော်တော်ကား၊ စပယ်ယာဝယ်ထားတာလို၊ ဈေးတက်မှာစိုးလို့၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီလိုလုပ်ထားတာပါဆိုတာကော ဒကာ ဒကာမတွေရှင်းပလား (ရှင်းပါပြီ) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌တဲ့ ဆရာ မကူလို့ရှိရင်ဖြင့်၊ နေ့တိုင်း ပဒေါင်း ပျက်ရင်၊ ပဒေါင်းလဲဖို့ဆောင်၊ (မှန်ပ့ါ) ဒေါက်ပျက်ရင် (ဒေါက်လဲဖို့ဆောင်ပါတယ်ဘုရား)။

## ဒွါရခြောက်ပေါက်ကချိုးရင်ရတယ်

အင်းဒေါက်ကျိုးသွားရင် ဒေါက်လဲဖို့ပြင်ကြမှာပဲ၊ ဒွါရခြောက်ပေါက်ကို ၊ ဘုန်းကြီးတို့က ဒကာ ဒကာမတို့

အသစ်ပဒေါင်းလည်း မလုပ်ပါနဲ့၊ ဒေါက်လည်း မလုပ်ပါနဲ့လို့ ပြောရတယ်၊သဘောကျပလား (ကျပါပြီ)။

ဒွါရခြောက်ပေါက်ကနေပြီး လုပ်တဲ့ပဒေါင်းကို၊ ဒွါရခြောက်ပေါက်ကနေပြီးချိုးရင်လည်းရတယ်(ရပါတယ်ဘုရား) သဘောကျပလား (ကျပါပြီ)။

ဒီခြောက်ပေါက်ကလုပ်ရင်လည်း ရတယ်၊ မလုပ်ပဲနေရင်လည်း(ရပါတယ်)၊ အဲဒါခင်ဗျားတို့က အလုပ်ဆိုတာ တွင်မှ ကောင်းတယ်လို့ အောက်မေ့နေရင်ခက်လိမ့်ဦးမယ်၊ ရိပ်မိ ပလား (ရိပ်မိပါပြီ)။

အလုပ်ဆိုတာဘာတဲ့ (တွင်မှကောင်းမှာပါဘုရား)၊ ဒီအတွင်ကလည်း တွင်လေလေ၊ အပါယ်သက်ရှည်လေလေပဲ (မှန်လှပါဘုရား) တွင်လေလေ အပါယ်သက်ရှည်လေလေပဲ (မှန်လှပါဘုရား)၊ သဘောပါပလား (ပါပါပြီ)။

အဲဒါကြောင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ၊ ခင်ဗျားတို့ရှည်နေတဲ့အသက်ဟာ၊ ဒီလိုသစ္စာတွေမသိပဲနဲ့၊ ဝိပဿနာဉာဏ်ဘုန်းကြီးနေ့တိုင်းဟောနေတာ ဒကာ ဒကာမတွေမလုပ်ပဲနဲ့နေကြမယ်ဆိုရင်ဖြင့် ဩော်. . . အသက်ရှည်သလောက်သံသရာရှည်တော့မှာပဲ၊ ဘယ်နှယ်ဆိုကြမယ်၊ (အသက်ရှည်သလောက် သံသရာရှည်တော့မှာပဲ)

အသက်ရှည်သလောက် သံသရာရှည်ကြာကြတော့

မယ်၊ သံသရာဆိုတော့ခင်ဗျားတို့က အသံကောင်းဟစ်နေဦးမှာ နော်၊ (မှန်ပါ့)

အသက်ရှည်သလောက် အိုမှု၊ သေမှု၊ ရင်ထုမှုများ ရှာလိမ့်မယ်၊ ဒါပဲရှိမယ်၊ ဒီပြင်ဘာရှိသေးလဲ (မရှိပါဘူး) သဘောပါလား (ပါပါပြီ)။

ဒါဖြင့် ဒွါရခြောက်ပေါက်ကလာတဲ့ ပဒေါင်း၊ ဒွါရ ခြောက်ပေါက်ကလာတဲ့ဒေါက်၊ ဒီစက်ရုံတွေက မဖျက်လို့ရှိရင် လည်းတဲ့၊ ဒကာ ဒကာမတွေမှာစက်ရုံတွေကို မဂ်ဉာဏ်တည်း ဟူသော ဗုံးတွေနဲ့ကြဲမှရမလိုဖြစ်နေတယ် (မှန်ပါ့ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

## ဝိပဿနာဉာဏ်ရဖို့လွယ်ပါတယ်

အင်းဒီစက်ရုံတွေ ဒကာ ဒကာမတို့မဂ်ဉာဏ်ဝင်မှ ရမယ်၊ မဂ်ဉာဏ်မဝင်ရင် (မရပါဘုရား) မရတော့ ဒီလိုလုပ် လိုက်တာပေါ့ဒကာ ဒကာမတို့၊ ဝိပဿနာဉာဏ်လေး ပေါဖို့အလွယ်လေးပါတဲ့ (မှန်လှပါဘုရား)။

ဥပမာ မြင်လိုက်တယ်၊ မြင်တဲ့အာရုံကိုလည်း ဖြစ်ပျက် ရှုရင် ရှု၊ သို့မဟုတ် မြင်စိတ်ကို ရှုပစ်လိုက်။

မြင်စိတ်ရှုပစ်လိုက်တော့ အင်း. . . ဝိညာဏ်အနိစ္စံ ဆိုတဲ့အတိုင်းနော် စက္ခုဝိညာဏ် အနိစ္စံ ဆိုတဲ့အတိုင်း၊ စိတ္တာ

နုပဿနာလည်း ဖြစ်သွားပြီးတော့ စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သွားတယ်။

ဒီဘက်က ဒကာ ဒကာမ တို့ စိတ်ကဖြစ်ပျက်၊ ရှုတာက မဂ်ဆိုကတည်းက ပဒေါင်းရှိသေးရဲ့လား. . . (မရှိပါဘူး)။

ပဒေါင်းမှ မရှိလို့ရှိရင်ဖြင့် ကာယကံ၊ ဝစီကံ ဆိုတဲ့ ဒေါက်တွေကော မဂ်က လုပ်နိုင်ရဲ့လား. . . (မလုပ်နိုင်ပါဘုရား)၊ မဂ်သည်ကားလို့ဆိုရင်ဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်နဲ့ မဂ်ဆိုကတည်းက ခုနကပြောတဲ့ကံတွေကို သူကဖြတ်တယ် (မှန်ပါ့ဘုရား)။

## မဂ်ဆိုတာကံဖြတ်တရား

ပဒေါင်းချိုးလိုက်ပြီ၊ မဂ်ဆိုတာကံဖြတ် (မှန်ပါ့) မဂ်ဆိုတာ (ကံဖြတ်ပါ) ကံဖြတ်ဆိုကတည်းက၊ ဒေါက်ချိုးတာ၊ သဘောကျပလား၊ (ကျပါပြီ)။

ဖြစ်ပျက်မြင်တာသည်၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာကဝိဇ္ဇာ၊ မဂ္ဂသစ္စာဆိုတော့ ဝိဇ္ဇာလာကတည်းကိုက ဒကာ ဒကာမတို့ အဝိဇ္ဇာပဒေါင်းကြီးရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

ဝိဇ္ဇာလာကတည်းက ၊ ခုနကမြင်တာလေးဖြစ်ပျက်၊ ကိုယ်စိတ်ကလေး ဖြစ်ပျက်၊ ရှုပြီးသကာလနေလို့ရှိရင်၊

တဏှာကောလာသေးရဲ့လား (မလာပါဘုရား)။

အင်း- အဝိဇ္ဇာလည်းမလာ၊ တဏှာလဲမလာဆိုတော့၊ ဒကာ ဒကာမတို့၊ အဝိဇ္ဇာကဝိဇ္ဇာဖြစ်၊ တဏှာက အလောဘ ဖြစ်၊ မဖြစ်သေးဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဒီကတည်းက ပဒေါင်းလုပ်တဲ့စက်ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘုရား)

ဒီဘက်ကနေပြီး၊ ဆက်ပြီးသကာလ၊ ကာယကံနဲ့ ပြောမိဆိုမိ၊ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ မရှိတော့ ကံတွေကိုလည်း မဂ်ကဖြတ်ချလိုက်တယ်၊ နောက်လာမည့်ကံ တွေလည်း (မဂ်ကဖြတ်ချလိုက်တယ်)။

ဒါဖြင့်ဒကာ ဒကာမတို့ ပဒေါင်းလည်းမလုပ်၊ ဒေါက် တွေလည်း မပြင်ဆင်တာဒီမဂ်ပဲ၊ရှုတဲ့မဂ်ပဲ၊ (မှန်လှပါဘုရား)။

ရှုတဲ့မဂ်သည် ပဒေါင်းကိုလည်းအသစ်မလုပ်တော့ ပါဘူး၊ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတို့ဒေါက်ကိုလည်းသူအသစ်လုပ်သေး ရဲ့လား. . . (မလုပ်ပါဘုရား) ဒါဖြင့် ဟိုဘီးကြီးကုန်ရင်၊ ခင်ဗျားတို့နောက်ထပ်လည်စရာမရှိဘူး၊ ဟိုဘီးကုန်သွားရင် . . . (နောက်ထပ်လည်စရာမရှိတော့ပါဘုရား)။

မူလဘီးကြီးကုန်သွားရင် နောက်ထပ်လည်စရာ ၊ပတ်စရာရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။

ဒါကြောင့်ဝိပဿနာသည်ကားလို့ဆိုရင် ကံဖြတ်

ဆိုတာ၊ ဒေါက်ဖြတ်ပြောတာ၊ ဝိပဿနာသည် ဘာပါလိမ့်၊ (ကံဖြတ်ဆိုတာဒေါက်ဖြတ်ပြောတာပါဘုရား) ဒေါက်ဖြတ်တာ၊

အဝိဇ္ဇာကပဒေါင်းမလုပ်ပါနဲ့ဆိုတော့၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ အဲဒီဒုက္ခသစ္စာမြင်ကတည်းက၊ ဝိဇ္ဇာလား အဝိဇ္ဇာလား . . . (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာလာကတည်းက ဒကာ ဒကာမတို့၊ သားကိုမြင်ဦးတော့၊ သမီး စိတ်ကိုမြင်ဦးတော့၊ ဒီစိတ်ကလေး သာယာသေးရဲ့လား၊ (မသာယာပါဘုရား)။

မသာယာလို့ရှိရင်ဖြင့်တဲ့ ၊ဒကာ ဒကာမတွေ သိတဲ့ အတိုင်းအဝိဇ္ဇာနဲ့ တဏှာပဒေါင်းကလည်း မရှိတော့ပါဘူး၊ (မရှိတော့ပါဘုရား)။

## မဂ်၏အကျိုးကျေးဇူး

မရှိတဲ့အတွက်တဲ့ ဒီမဂ်သည် မရှိတာကိုသိသွားတဲ့ မဂ်သည်ကားလို့ဆိုရင် နောက်ကံတွေလည်းလာခွင့် မပေးသောကြောင့်၊ ဒကာ ဒကာမတို့သည်မဂ်သည်၊ ပဒေါင်းကိုလည်း ချိုးပါတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒေါက်တွေကိုလည်းပျက်စီးစေပါတယ်၊ ဒါဖြင့် ပဒေါင်း၊ ဒေါက်မရှိတော့၊ သံပတ်ခွေကြီးဟာလည်းသူ့ဟာသူ နေသေးရဲ့လား၊ (မနေတော့ပါဘူးဘုရား) ကျုပ်တို့ အဆက်အသွယ်နဲ့ ပြတ်သွားပြီ၊ ဆိုတာသဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ဒွါရခြောက်ပေါက်ကနေပြီးသကာလ ဒကာဒကာမတွေပေါ်တဲ့ မြင်စိတ်ကလေး၊ ဖြစ်ပျက်ရှု၊ ပေါ်တဲ့ကြားစိတ်၊ ကြံစိတ်တွေအကုန်ဖြစ်ပျက်ရှု၊ (ရှုပါမယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ကုသိုလ်တရား၊ ကုသိုလ်စိတ်တွေပေါ်လာရင်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ယုတ်စွအဆုံးဗျာ၊ လောဘ၊ ဒေါသ၊ မောဟပေါ်လာရင် (ဖြစ်ပျက်ရှုရမှာပါ)။

အင်း-ရှူစိတ်၊ရှိုက်စိတ်ကလေးတောင်မှ. . . (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုလိုက်တာသည် ဒကာဒကာမတို့၊ ပဒေါင်းကိုဖျက်စီး၍၊ ဒေါက်ကိုချိုးတဲ့အလုပ် (မှန်လှပါဘုရား) ။

ပဒေါင်းကို. . . (ဖျက်စီး၍) ဒေါက်ကို (ချိုးတဲ့အလုပ်ပါဘုရား)

## ဝိပဿနာအလုပ်သည်အကောင်းဆုံး

ဒီအလုပ်ထက် ကောင်းတာရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ ဒါဖြင့်သံသရာစခန်းသတ်တာသည်၊ ဒီဘီးကြီးလည်နိုင်သေးရဲ့လား (မလည်နိုင်ပါဘုရား)။

အာသဝတွေကလည်း မလှည့်နိုင်တော့ဘူး။ ကျုပ်တို့က ဖြစ်ပျက်မြင်တော့ ကာမသဝကလည်း ကာမဘုံ၊ ကာမအာရုံ မလိုချင်တော့ဘူး (မလိုချင်တော့ပါဘုရား) ဘဝါသဝကဟိုဘုံလည်း ဖြစ်ပျက်ဆိုတာသိပြီးသားဖြစ်ခြင်းကြောင့် ဘဝါသဝ

ကလည်းမလာပါဘူး၊ သဘောကျပလား (ကျပါပြီ)။

ဖြစ်ပျက်မြင်သောကြောင့် ဒိဋ္ဌိကောလာသေးလား (မလာပါဘုရား) ဒိဋ္ဌာသဝလည်းမလာဘူး။ ဖြစ်ပျက်ဟာဒုက္ခသစ္စာပဲလို့သိသောကြောင့် အဝိဇ္ဇာသဝကော (မလာပါဘုရား)၊ ဒါဖြင့် ဝင်ရိုးလည်းမလုပ်ဘူး။

ဝင်ရိုးလည်းမလုပ်၊ ပဒေါင်းလည်းမလုပ်၊ ဟုတ်လား၊ ဒေါက်တွေလည်းကျိုးတဲ့ဥစ္စာဖြင့် ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်ဒကာကြွယ်ရေ. . . (မှန်လှပါဘုရား)။

ဒါခင်ဗျားတို့အားကိုးရာအစစ်ဆိုတာပေါ်ပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဒီဝိပဿနာပဲလုပ်ပါ၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကဲတော်ကြဉီးစို့။

သာဓု. . . သာဓု. . . သာဓု။